ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ စနေနေ့။ Saturday, 8 October 2022 ၁၀၈၈၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်

တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဟူသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နေခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းအားဖြင့် တည်ဆောက်ခြင်းသည် စိတ်အချရဆုံးဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးနှင့် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းရပ်နှစ်ခုလုံးသည် နိုင်ငံ့စီးပွားရေး မြှင့်တင်မှုအတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ယနေ့ ဖတ်စရာ

ပြောင်းလဲနေသော ပို့ကုန်ဈေးကွက်နှင့် ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ် အကောင်အထည်ဖော်

စာမျက်နှာ » ၅

ယုံကြည်မှုကျဆင်းနေသော လူ့အခွင့်အရေးကောင်စီ

ဆောင်းပါး

စာမျက်နှာ » ၆

မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းများ စိစစ်ဆောင်ရွက်

စာမျက်နှာ » ၈

ကြေးမုံ

နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့်ကြိုးပမ်းစို့

မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ (Myanmar Rice Conference – 2022) ကို အောက်တိုဘာလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "ပြည်တွင်း ဆန်ရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စပါးစိုက်ဧကများ တိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်မှုဖြစ်စေရေး ထိထိရောက်ရောက်ကြိုးပမ်းကြရန် အရေးကြီးကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး ဆန်စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆန်စပါးကို တောင်သူလယ်သမားများက အဓိကအများဆုံးစိုက်ပျိုးကြပြီး တစ်ချိန်သောကာလက မြို့ပြများ ပတ်ဝန်းကျင်များနှင့် ကျေးလက်ဒေသအနှံ့တွင် ရာသီအလိုက် စိမ်းစိုသော စပါးခင်းများ၊ ရွှေဝါရောင်လယ်ကွင်းများ တစ်မျှော်တစ်ခေါ် ရှုမျှော်မဆုံးရှိခဲ့သည့် ဆန်စပါးကို တန်ဖိုးထားသောနိုင်ငံဖြစ်သည်။ မြန်မာ့ဆန်သည် အရည်အသွေးကောင်းမွန်သဖြင့် နိုင်ငံတကာက ကြိုက်နှစ်သက်ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလက ပြည်ပသို့ ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာသို့ ဆန်အများဆုံးတင်ပို့သောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရရှိပြီးသောအခါ ပြည်ပသို့ ဆန်တင်ပို့မှု တဖြည်းဖြည်းလျော့နည်းကျဆင်းလာပြီး ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ ပြည်ပသို့ ဆန်တင်ပို့မှု ပြန်လည်တိုးတက်လာခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်းကို နိုင်ငံ ၆၄ နိုင်ငံအထိ တင်ပို့နိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ဆန်တန်ချိန် ငါးသိန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၈ ဒသမ ၆ သိန်းကျော်ကို နိုင်ငံ ၃၈ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် နှစ်သိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် တစ်ချိန်သောကာလက ကမ္ဘာ့အလယ်တွင် ဆန်အများဆုံး တင်ပို့သောနိုင်ငံအဖြစ် မှတ်တမ်းတင်ခံရပြီးဖြစ်သည့်အတွက် ယင်းအခြေအနေကို ပြန်လည်ရောက်ရှိအောင် ဆန်စပါးနှင့်သက်ဆိုင်သည့် လုပ်ငန်းများအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။ ဆန်အရည်အသွေးကောင်းမွန်ရေးသည် ပြည်ပသို့ဆန်တင်ပို့ရာ၌ အရေးပါပြီး ပေါင်းဆန်တင်ပို့မှုတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀ မှ ၅၀၀ ကျော်အထိ စျေးရရှိသည်ကို တွေ့ရသည်။ ယခု ခြောက်လပတ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၈ ဒသမ ၆ သိန်း တင်ပို့ခဲ့ရာတွင် ပေါင်းဆန် ငါးရာခိုင်နှုန်း၊ ဆန်ကွဲ ၄၂ ရာခိုင်နှုန်းနှင့် ပုံမှန်ဆန် ၅၃ ရာခိုင်နှုန်း တင်ပို့နိုင်သည့်အတွက် အလားအလာကောင်းများရှိနေပြီး ပြည်တွင်းဆန်ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့ဆန်ကို ယခင်က အာဖရိက၊ ဥရောပသို့ အများအပြားတင်ပို့ရာမှ ယခုအခါ အာရှစျေးကွက်သို့ ပြောင်းလဲလာခဲ့သည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်းစပါးစိုက်ဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၂ ဒသမ ၄ သန်း စုစုပေါင်းစိုက်ဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့သည်။ တိုင်းပြည်၏ အဓိကသီးနှံရည်မှန်းချက်ဖြစ်သည့် စပါးအထွက်နှုန်း တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ပသို့ ဆန်ပိုမိုတင်ပို့နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာစျေးကွက်အခြေအနေတို့ကိုလည်း မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျတင်ပို့နိုင်ရေး၊ အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုထုတ်လုပ်ပြီး တင်ပို့ရောင်းချရေးကို ကြိုးပမ်းဆောင်ရွက်ကြကာ "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းကြပါစို့"ဟု တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

မြန်မာနိုင်ငံပြန်တမ်း
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးနေလင်း ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ် လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန် ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြို့တော်ဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ဇေယျဝတီပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်လုံးချမ်းသာပရဟိတ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေဒါးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြရတနာ ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ လွယ်ပြေတောရ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကို လည်းကောင်းဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက် (၇- ၁၀ -၂၀၂၂)

ကုမ္ဗဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၆၀၀	၉,၆၀၀	၂၃၉	၂,၂၉၄,၄၀၀
MTSH	၃,၅၅၀	၃,၅၅၀	၄,၃၁၅	၁၅,၃၁၉,၇၅၀
MCB	၇,၈၀၀	၇,၈၀၀	၈၄	၆၅၅,၂၀၀

FPB	၁၉,၅၀၀	၂၀,၀၀၀	၈၃၄	၁၆,၆၁၇,၀၀၀
TMH	၂,၇၅၀	၂,၈၀၀	၁၇၆	၄၈၇,၈၀၀
EFR	၂,၇၅၀	၂,၇၅၀	၃၇၀	၁,၀၁၇,၅၀၀
AMATA	၅,၁၀၀	၅,၀၀၀	၉၈၇	၄,၉၅၅,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၀၅၈.၈
(ဂ) တရုတ်	တစ်ယွမ်	=	၂၉၅.၁၁
(ဃ) ထိုင်း	တစ်ဘတ်	=	၅၆.၁၅၇
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၅၁.၆၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၅၁၄
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၄၉.၄
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၄၆၉.၇
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၄၉.၆
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၄၈.၈၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- **ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့**
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှု နည်းပါးမည်

❒ ရှေ့ဖုံးမှ

အဓိကကျသည့် လုပ်ငန်းရပ်များဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မိမိတို့တာဝန်ယူပြီးနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့စီးပွားတိုးတက်မှုများ တုံ့ဆိုင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အနုတ်လက္ခဏာပြနေသည်ဟု ပြောကြားခဲ့ကြကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းသည်ဟုဆိုသော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အမြဲမပြတ်ထုတ်လုပ်၍ ပြည်ပသို့ပို့ကုန်များ တင်ပို့နိုင်ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍များစွာ ထိခိုက်ကျဆင်းသွားခြင်းမရှိကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်းမှာ သာရှိပြီး ပြည်ပကို တတ်နိုင်သမျှ မှီခိုမှုမပြုရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ယင်းသည် ခေတ်အဆက်ဆက် တွေ့ကြုံသည့် သင်ခန်းစာများအရဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပကို အားကိုးနေ၍မရဘဲ ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူနေချိန်တွင် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်နေကြောင်း၊ MSME လုပ်ငန်းများသည် ပြည်တွင်းရှိ လုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိတ္ထီလာ၊ ရန်ကုန်နှင့် ပြည်မြို့များရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် MSME လုပ်ငန်းရှင်များ အနေဖြင့် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ ရှိသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဟူသည့် အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှု နည်းပါးမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများ ဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ အချို့ သတ္တုကုန်ကြမ်းများအတွက်လည်း နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေး၍ ရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အတွက် လိုအပ်သည့် သွင်းအားစုများတွင် ကုန်ကြမ်းသာမက လျှပ်စစ်စွမ်းအင်နှင့် Energy စွမ်းအားများလည်း လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း မြေဩဇာနှင့် ပိုးသတ်ဆေးများ လိုအပ်သကဲ့သို့ မွေးမြူရေးနှင့်ပတ်သက်၍လည်း အစာကဲ့သို့ သွင်းအားစုများလိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့် သွင်းအားစုများကို ရရှိအောင် ပြည်တွင်း၌ ဆောင်ရွက်ပေး၍ ရကြောင်း၊ လျှပ်စစ်စွမ်းအား လုံလောက်စွာ ရရှိရေးအတွက်လည်း နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရကြောင်း၊ နိုင်ငံတော်ကလည်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားရရှိရန် သုံးစွဲသည့် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

> ❍ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများတွင် ကုန်ကြမ်းသာမက လျှပ်စစ်စွမ်းအင်နှင့် Energy စွမ်းအားများလည်း လိုအပ်**
>
> ❍ **စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း မြေဩဇာနှင့် ပိုးသတ်ဆေးများ လိုအပ်သကဲ့သို့ မွေးမြူရေးနှင့်ပတ်သက်၍လည်း အစာကဲ့သို့ သွင်းအားစုများလိုအပ်**
>
> ❍ **လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးအတွက်လည်း နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရ၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားရရှိရန် သုံးစွဲသည့် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်**

အရင်းအနှီးနှင့် ပတ်သက်၍လည်း MSME ဆောင်ရွက်နေသူများအနေဖြင့် ကိုယ်တိုင် ကြိုတင်အားထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး ခိုင်မာသည့်လုပ်ငန်းများ ရှိချိန်တွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေတွင် ဖွံ့ဖြိုးရေးချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုးရှိကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင်နိုင်ငံတော်မှချေးယူခဲ့သည့် ရင်းနှီးမြှုပ်နှံငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးထားသော်လည်း အချိန်တစ်ခုတွင် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်လိုအပ်မှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း၊ အခြေခံပညာ ပြီးမြောက်မှုမရှိသေးသည့် လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း အလယ်တန်းပညာ၊ အထက်တန်းပညာ အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ အခြေခံပညာအထက်တန်းပြီးဆုံးသူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်နေကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် စက်မှုသိပ္ပံ တက်ရောက်သူများမှ ထူးချွန်သူများအနေဖြင့်လည်း သက်ဆိုင်ရာ ပညာရပ်များအလိုက် တက္ကသိုလ်နှင့် ကောလိပ်များသို့တက်ရောက်၍ရကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ် လုံလောက်စွာရရှိရေးအတွက် ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်ကြမ်းလိုအပ်ချက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန် ကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ ကုန်ကြမ်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ဝါးစိုက်ပျိုးမှုများဆောင်ရွက်၍ ဝါးကိုအခြေခံသည့် စက်မှုထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ဝါးကုန်ကြမ်းများ ရရှိရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အခြားစိုက်ပျိုးရေးထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန် ကုန်ကြမ်းများဖြင့် ဆောင်ရွက်၍ရကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ အနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် တွက်ဆ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသထွက်ပစ္စည်းများကို အသုံးပြု၍ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် မိမိအနေဖြင့် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအားလုံး တစ်ပြေးညီဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေး၍ တည့်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

> ❍ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်လိုအပ်မှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်ရန်လို**
>
> ❍ **အခြေခံပညာ ပြီးမြောက်မှုမရှိသေးသည့် လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း အလယ်တန်းပညာ၊ အထက်တန်းပညာအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်လို**
>
> ❍ **အခြေခံပညာအထက်တန်းပြီးဆုံးသူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်**
>
> ❍ **လူသားအရင်းအမြစ် လုံလောက်စွာရရှိရေးအတွက် ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်**

မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပလျက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ဆန်ကိုအဓိကစိုက်ပျိုး၍ ပဲနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသည့် နိုင်ငံဖြစ်ကြောင်း၊ ဆန်သည် မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်ကောင်းစွာထုတ်လုပ်နိုင်သော နိုင်ငံဖြစ်သဖြင့် Food Security အတွက် နိုင်ငံ၏ ဂုဏ်သိက္ခာတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ ဆန်များပေါများစွာ တင်ပို့နိုင်မည်ဆိုပါက လူအများ၏ စားရေး Food Security ကို တာဝန်ယူနိုင်သည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးကြပြီး စိုက်ပျိုးဧက ၁၇ သန်းကျော် ခန့်ရှိကြောင်း၊ နိုင်ငံအတွင်း လူဦးရေ ၅၅ သန်းခန့်ရှိကြောင်း၊ စပါးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမို၍ ဆန်များ ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင် ဆန်တင်ပို့မှုများကိုလည်း တားဆီးကာကွယ်ဆောင်ရွက်ရန်လိုကြောင်း။

ဆန်ကို ပြည်ပသို့ တရားဝင်တင်ပို့ရန် ခွင့်ပြုပေးထားပြီး ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင် စသည့် ပင်လယ်ဆိပ်ကမ်းများမှ တင်ပို့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ရထားပို့ဆောင်ရေးနှင့် မြစ်ကြောင်း ပို့ဆောင်ရေးများဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားလမ်းများ ကောင်းမွန်စေရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ အလားတူ လမ်းများအားလုံး ချောမွေ့ကောင်းမွန်နေစေရေး အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိကြောင်း၊ မိမိတို့နိုင်ငံရှိ အလုပ်လုပ်ကိုင်နိုင်သူ လေးသန်းနှင့် ငါးသန်းခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေမှုများရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ယန္တရားများ ပိုမိုအသုံးပြုဆောင်ရွက်ရန်လိုအပ်သဖြင့် ပြည်တွင်း၌ ရှိပြီးအခြေခံစက်ရုံများမှ လယ်ယာသုံးယန္တရားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှ

စာမျက်နှာ ၄ သို့ »»

❍ MSME နဲ့ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့ မရဘူး။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့ သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းမြို့ကြီးတွေအားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိကထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေ လုပ်ရမယ်။ ဒေသအလိုက် ဒေသအလိုက်မှာ ခရိုင်ပေါင်း ၁၂၀ ကျော် ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်က ကောင်းနေရမယ်

❍ One Region One Product ဒီလိုမျိုးတွေနဲ့ နိုင်ငံမှာ ထုတ်ကုန်ပစ္စည်းထုတ်မယ်ဆို ဒါတွေလည်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ အဲဒါတွေနဲ့လည်း တစ်ချိန်ကျရင် Tourist Attraction လည်း ဖြစ်လာမယ်

»» စာမျက်နှာ ၃ မှ

တင်သွင်းမှုများကိုလည်း လိုအပ်ချက်များ အပေါ်မူတည်၍ ခွင့်ပြုပေးထားကြောင်း ပြောကြားသည်။

One Region One Product

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အင်ယစ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် **"နောက်တစ်ခုက MSME နဲ့ ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့ မရဘူး။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့ သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းမြို့ကြီးတွေအားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိကထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေ လုပ်ရမယ်။ ဒေသအလိုက် ဒေသအလိုက်မှာ ခရိုင်ပေါင်း ၁၂၀ ကျော် ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်ကကောင်းနေရမယ်။ ဥပမာ– ပခုက္ကူဆိုချည်ထည်ပစ္စည်းတွေ ကောင်းရမယ်။ ဥပမာပြောပြတာ ချည်ထည်ပစ္စည်းမှာ ပခုက္ကူဆို နံပါတ်တစ် အကောင်းဆုံးဖြစ်နေရမယ်။ တစ်နေ့ကဆိုလည်း ကျွန်တော်တို့ ဒီမှာ အပြည်ပြည်ဆိုင်ရာ ကမ္ဘာလှည့် ခရီးသွားများ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တုန်းက စောင်တွေ၊ ချည်ထည်တွေ ပြပါတယ်။ ပခုက္ကူက တော်တော်ကို ကောင်းတာ သွားတွေ့တယ်။ ဒါကတော့ ကျွန်တော်မြင်ရတဲ့ဟာ၊ မမြင်ရတဲ့ဟာ လည်း ရှိရင်ရှိမှာပေါ့။ တစ်နေ့က ပြည်မှာ ဆိုလို့ရှိရင် အင်းမပုဆိုး တော်တော့်ကို ကောင်းတာတွေ့တယ်။ တော်တော် ကောင်းတဲ့ ပုဆိုးပဲ။ ဒါမျိုးတွေသာ လုပ်လိုက်ရင် သိပ်ကောင်းမှာပဲလို့အားပေးတယ်။ ဘယ်နေရာကတော့ ပဲနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်။ ဘယ်နေရာကတော့ ဆန်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်။ ဘယ်နေရာကတော့ ဝါးနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ကောင်းတယ်။ ဘယ်နေရာကတော့ သတ္တုနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်။ One Region One Product ဒီလိုမျိုးတွေနဲ့ နိုင်ငံမှာ ထုတ်ကုန်ပစ္စည်းထုတ်မယ်ဆို ဒါတွေလည်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ အဲဒါတွေနဲ့ လည်း တစ်ချိန်ကျရင် Tourist Attraction လည်း ဖြစ်လာမယ်"ဟု ပြောကြားသည်။

ဒေသများဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်ပြီး တစ်နိုင်ငံလုံးရှိ ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ဒေသများအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများ အထက်အောက် ခင်မင်ရင်းနှီးစွာဖြင့်နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန် လိုကြောင်း၊ လက်အောက်ကို စေတနာထားပြီး နွေးထွေးသည့် ဆက်ဆံရေးကို တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန် နားလည်မှုများရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ချွေတာသုံးစွဲလျက်ရှိကြောင်း၊ ရရှိသည့်ဘတ်ဂျက်ငွေများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်အောင် သုံးစွဲလျက်ရှိပြီး ဝန်ကြီးဌာနများမှ အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲမှုမရှိသည့်ငွေများကို ပြန်လည်အပ်နှံစေလိုကြောင်း၊ ဝန်ကြီးဌာနများ အားလုံးအနေဖြင့် ဘဏ္ဍာငွေများကို သုံးသင့်သုံးထိုက်သည့် နေရာများတွင်သာ သုံးစွဲကြစေလိုပြီး ငွေများ အကျိုးမဲ့ကုန်ကျမှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရင်ဆိုင်ရသည့် ဘဏ္ဍာရေးနှစ်အလိုက် ရသင့်ရထိုက်သည်များ ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများရှိသော ဝန်ကြီးဌာနများ အနေဖြင့် တတ်နိုင်သမျှ အရှုံးမရှိစေဘဲ Budget balance ဖြစ်ရန်နှင့် ဖြစ်နိုင်ပါက အမြတ်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာ၌ အင်ယစ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် သတင်းပို့ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် အရေးယူဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူ၍ ဆောင်ရွက်ပေးသွားရမည့် ကိစ္စရပ်များကိုလည်း အဆင့်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများနှင့် ပတ်သက်၍ မြေကိုအကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများ မပျက်စီးစေရန်နှင့် လုပ်မြေများမရှိရန် လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို သီးထပ်၊ သီးညှပ် စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် တိုင်းပြည်ဝင်ငွေရရှိပြီး စီးပွားရေးကောင်းမွန်လာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပဂ္ဂလိက မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်လိုပါက စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

စက်မှုဇုန်မြေနေရာများသည် စက်မှုလုပ်ငန်းများအတွက် အဓိကထား ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း၊ အိမ်ရာစီမံကိန်းများ မပါဝင်ရန်လိုအပ်ကြောင်း၊ ယင်းတို့ ပါဝင်လာပါက စက်မှုဇုန် စီမံအုပ်ချုပ်မှုကိစ္စများ ရှုပ်ထွေးလာနိုင်ကြောင်း၊ စက်မှုဇုန်နှင့် စက်မှုရပ်ကွက်မှာ တူညီမှုမရှိကြောင်း၊ စက်မှုဇုန်တွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်း၌သာ ရှိကြောင်း၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ကြရာတွင် ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းများ ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် Check list ဖြင့် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ လက်အောက်ဝန်ထမ်းများ ကိုလည်း မိသားစုသဖွယ် နွေးထွေးစွာ ဆက်ဆံရန်လိုကြောင်း၊ အချို့အားနည်းချက်များရှိနိုင်မည်ဖြစ်သော်လည်း ရိုးရိုးသားသား လုပ်ကိုင်နေသူများကို လက်တွဲခေါ်ဆောင်ရန် လိုအပ်ကြောင်း၊ လက်အောက်မှ အချို့သော အကြံပြုချက်များကိုလည်း ရယူရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပမည့် (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အောက်တိုဘာ ၆ ရက်တွင် Forever Group(MRTV – 4)မိသားစုများက အလှူငွေကျပ် ၇၃၅၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများက လက်ခံရယူစဉ်။ သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

သတင်း အောက်တိုဘာ ၇

မွန်ပြည်နယ် သတင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ(Talk Show)အစီအစဉ်ကို ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အိဖြူမြင့်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၏ ရည်ရွယ်ချက်(၂)ရပ်နှင့် လုပ်ငန်းတာဝန်များ၊ ဘေးအန္တရာယ်ဖြစ်ပွားမှုများ၌ ထောက်ပံ့ကူညီပေးနေမှု အခြေအနေများ၊ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ သိုလှောင်ထားရှိမှု၊ သတိုခရိုင် အတွင်း ယခင်နှစ်နှင့် ယခုနှစ် သဘာဝဘေး ဖြစ်ပွားမှုများနှင့် ကူညီထောက်ပံ့မှုများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ ဘေးအန္တရာယ်ကိုးမျိုးနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ စသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ပြောင်းလဲနေသော ပို့ကုန်စျေးကွက်နှင့်ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ်အကောင်အထည်ဖော်

နေပြည်တော် အောက်တိုဘာ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ဆန်စပါး ညီလာခံ - ၂၀၂၂ ဒုတိယနေ့အဖြစ် ယနေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(ဗဟိုဌာန-၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဆန်စပါးကဏ္ဍမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ဆန်စပါးညီလာခံ၏ ဆွေးနွေးပွဲများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆန်စပါးစိုက်ပျိုးရေးနှင့် မျိုးစေ့ထုတ်လုပ်မှုနှင့်ပတ်သက်သည့် စာတမ်းများကို လည်းကောင်း၊ ဆန်စပါးဝယ်ယူ၊ သိုလှောင်၊ ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းများကို လည်းကောင်း ဖတ်ကြားခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် လက်တွေ့စပါးစိုက်ပျိုးနေသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဆန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရမှ ပံ့ပိုးကူညီပေးစေလိုသည့် အချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆန်စပါးကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍများ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy) နှင့် ဆန်စပါးကဏ္ဍဆိုင်ရာ ပို့ကုန်မဟာဗျူဟာတို့နှင့် စပ်လျဉ်းပြီး လက်တွေ့တာဝန်ယူ ဆောင်ရွက်နေသည့် ဌာနများမှ အကြီးတန်းအရာရှိများက စာတမ်းများ ဖတ်ကြားတင်ပြကြသည်။ အဆိုပါစာတမ်းများနှင့်ဆက်စပ်ပြီး သုံးသပ်ဆွေးနွေးခြင်းနှင့် စကားဝိုင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ရာ အစိုးရဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြပြီး အကြံပြုချက်များ တင်ပြခဲ့ကြသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ဖို့၊ ဆန်စပါးဖြင့်ကြိုးပမ်းစို့"ဟူသော ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ သို့ သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံကျင်းပသည့် နှစ်ရက်အတွင်း ကဏ္ဍအလိုက် ဆွေးနွေးမှုများမှ ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဒေသနှင့်ကိုက်ညီပြီး စျေးကွက်ကြိုက်နှစ်သက်သည့် မျိုးကောင်းမျိုးသန့်များကိုသာ ရွေးချယ်စိုက်ပျိုးသွားရေး၊ တောင်သူများအတွက် သက်သာသောစျေးနှုန်းဖြင့် ဓာတ်မြေသြဇာများ ဝယ်ယူရရှိနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဆန်များတင်ပို့နိုင်ရေးအတွက် ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ ပြောင်းလဲနေသော ပို့ကုန်စျေးကွက်နှင့်ကိုက်ညီသည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို ပြန်လည်သုံးသပ်အကောင်အထည်ဖော်သွားရေး၊ ပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်ပသို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်းကို အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစရှိသည့် အချက်များအပါအဝင် အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းပြီး မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားရမည့် သုံးသပ်ချက်များကို ဖော်ထုတ်ရရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် ညီလာခံအား အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

စပါးသီးနှံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် လိုအပ်

နေပြည်တော် အောက်တိုဘာ ၇

ပြည်တွင်း၊ ပြည်ပ စျေးကွက်အတွက် အဓိကစိုက်ပျိုးထုတ်လုပ်လျက်ရှိသော စပါးသီးနှံ၏ အထွက်နှုန်း၊ အရည်အသွေးနှင့် အာဟာရဆိုင်ရာသုတေသနလုပ်ငန်းများ၊ စပါးသီးနှံမျိုး မွေးမြူခြင်းလုပ်ငန်းများ၊ ဗီဇသန့်စင်သော မျိုးကောင်းမျိုးသန့် ထိန်းသိမ်းခြင်းလုပ်ငန်းများအား လေ့လာရန် မြန်မာ့ဆန်စပါးညီလာခံ- ၂၀၂၂ သို့တက်ရောက်လာကြသော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာန စိုက်ကွင်းများအား သွားရောက်လေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဖြည့်စွက်ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

စိုက်ကွင်းရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက စပါးသီးနှံ မိဘမျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မိဘမျိုးစေ့ဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော သုတေသနလုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်၍ မိဘမျိုးစေ့(Breeder Seed)ကို အဓိကထုတ်လုပ်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးစေ့ဌာနခွဲ၏ မျိုးသန့်မျိုးပွားခြံများမှ ဆင့်ပွားမျိုးစေ့(Foundation Seed) နှင့် မျိုးသန့်မျိုးပွားမျိုးစေ့ (Registered Seed) အဆင့်အထိသာ ထုတ်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ဖြစ်သော ရောင်းချရန် မျိုးစေ့ထုတ်လုပ်ခြင်းကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ သို့မှသာ မျိုးစေ့စီးဆင်းမှုလမ်းကြောင်းမှန်ကန်စေပြီး ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ဧရိယာများအားလုံး မျိုးကောင်းမျိုးသန့်သုံးစွဲမှု လွှမ်းခြုံနိုင်မည် ဖြစ်ကြောင်း၊ နည်းပညာနှင့် ပညာရှင်လူစွမ်းအားအရင်းအမြစ်ရှိသော မိမိတို့ဝန်ကြီးဌာနနှင့် အရင်းအနှီးရှိနေသော ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ လိုအပ်ချက်အရ စိုက်ပျိုးရေး သုတေသနဦးစီးဌာနက မိဘမျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးထားရှိသော ထွန်းပု၊ ဆင်းသုခ၊ ကရင်မထိပ်ဆောင်း၊ ငစိန်ရာကျော်မျိုးများ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ရာသီအလိုက် သီးပွင့်မှုမှ သက်တမ်းအလိုက် သီးပွင့်သောမျိုးများအဖြစ် ဧဝနည်းပညာ အသုံးပြုပြောင်းလဲထားသော ပေါ်ဆန်းမွေးနှင့် အင်းမရဲဘော် စပါးမျိုးများ မျိုးပွားစိုက်ခင်းကို လည်းကောင်း၊ အခြားသော ရာသီစပါးမျိုးများ၊ ဒေသစပါးမျိုးများ မျိုးသန့်မျိုးပွားခြင်းစိုက်ခင်းများ၊ မျိုးထိန်းစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စပါးသီးနှံမျိုးစပါး ၁၂၈ မျိုး

စိုက်ပျိုးရေး သုတေသနဦးစီးဌာနအနေဖြင့် ၁၉၅၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စပါးသီးနှံမိဘမျိုး ၁၅ မျိုးကို ထုတ်လုပ်ပေးခဲ့ပြီး၊ ဆည်ရေသောက်စပါး ၃၃ မျိုး၊ မိုးရေသောက်စပါး ၃၆ မျိုး၊ ရေငတ်ခံစပါး ရှစ်မျိုး၊ ရေအနည်းလိုစပါး ကိုးမျိုး၊ တောင်ပေါ်ယာစပါး ခုနစ်မျိုး၊ ရေနက်စပါး ရှစ်မျိုး၊ ရေမြေပ်ခံစပါး သုံးမျိုး၊ ဆားငန်ခံစပါး ကိုးမျိုး၊ အရည်အသွေးကောင်းစပါး ၁၄ မျိုး၊ ရေနေခံ တစ်မျိုး စုစုပေါင်း စပါးသီးနှံမျိုးစပါး ၁၂၈ မျိုးကို ထုတ်ဝေပေးပြီးဖြစ်ကြောင်း၊ ဒေသစပါးမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းနှင့် မျိုးထုတ်ခြင်းလုပ်ငန်းကို သက်ဆိုင်ရာဒေသများရှိ သုတေသနခြံတွင် ဆောင်ရွက်လျက်ရှိပြီး ပြည်ပစျေးကွက်ကတောင်းဆိုမှုရှိသော စပါးမျိုးများတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် မျိုးသန့်မျိုးပွားခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကမျိုးစေ့ အသင်းအဖွဲ့များ၊ မျိုးစေ့လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

မန္တလေး အောက်တိုဘာ ၇

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးရှိ အမရပူရမြို့နယ် စစ်ကိုင်းတံတားအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီခွဲက အမရပူရမြို့ စစ်ကိုင်းတံတားအနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ အမရပူရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ အမရပူရခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းနှင့် ရေနံသာငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့်ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ရှစ်သိန်းခွဲ၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ သုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၁ သိန်းခွဲအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ယုံကြည်မှုကျဆင်းနေသော လူ့အခွင့်အရေးကောင်စီ

ဇင်ငြိမ်း

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ကနေ အခုအောက်တိုဘာလ ၇ ရက်နေ့အထိ ကျင်းပနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီက ၂၀၁၈ ခုနှစ်က ဖွဲ့စည်းပေးထားတဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (IIMM) အကြီးအကဲ Mr. Nicholas Koumjian (အမေရိကန်) က တင်သွင်းခဲ့ပါတယ်။

IIMM အဖွဲ့ဟာ လူ့အခွင့်အရေးကောင်စီက ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ရဲ့ အရိုက်အရာကို ဆက်ခံတဲ့ အဖွဲ့ဖြစ်ပါတယ်။ FFM အဖွဲ့ကတော့ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ လုပ်ပိုင်ခွင့်ပြီးဆုံးသွားပါတယ်။ FFM က သူတို့ရထားတဲ့ အချက်အလက်အထောက်အထားတွေကို IIMM ဆီ လွှဲပေးထားခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီဖွဲ့ပေးခဲ့တဲ့ FFM အဖွဲ့ရဲ့ ရည်ရွယ်ချက်က ဘင်္ဂါလီအရေးကိစ္စပဲဖြစ်ပါတယ်။

နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်

ဘင်္ဂါလီအရေးကိစ္စလို့ပြောလိုက်ရင် အဲဒီကိစ္စရဲ့နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်နေတဲ့ အမေရိကန်နဲ့ အိုအိုင်စီတို့ဆိုတာ လူတိုင်းသိတဲ့ကိစ္စပါ။ FFM ဆိုတာကလည်း အမေရိကန်နဲ့ အိုအိုင်စီတို့ ကြိုးဆွဲတဲ့အတိုင်း ကုလသမဂ္ဂနဲ့လူ့အခွင့်အရေးကောင်စီတို့က ဖွဲ့စည်းပေးခဲ့တာပါပဲ။

FFM စဖွဲ့တဲ့အချိန်တုန်းကတော့ ဘင်္ဂါလီအရေးအတွက် ဦးတည်ခဲ့ပြီး အမေရိကန်နဲ့ အိုအိုင်စီတို့က မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့နဲ့ သူတို့လိုချင်တာတွေ ရဖို့ပါ။ မြန်မာနိုင်ငံကို ဖိအားပေးရာမှာ အမေရိကန်က နိုင်ငံရေးရည်ရွယ်ချက်အတွက် ဘင်္ဂါလီကိစ္စကို အသုံးချပါတယ်။ အိုအိုင်စီက ဘင်္ဂါလီတွေ မြန်မာနိုင်ငံသားဖြစ်ဖို့၊ နယ်မြေရဖို့၊ အခွင့်အရေးရဖို့ ရည်ရွယ်ခဲ့ကြပါတယ်။ အမေရိကန်နဲ့အိုအိုင်စီတို့က မြန်မာနိုင်ငံကို နည်းလမ်းအမျိုးမျိုးနဲ့ ဖိအားပေးရာမှာ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကုလသမဂ္ဂနဲ့ လူ့အခွင့်အရေးကောင်စီကို အသုံးချပြီး ဖိအားပေးတဲ့နည်းလမ်းလည်း ပါပါတယ်။ အဲဒီလို ဖိအားတွေကြောင့် ဘင်္ဂါလီကိစ္စဟာ နိုင်ငံတကာ အရေးကိစ္စဖြစ်လာပြီး ICJ အထိ ရောက်သွားခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံ ၂၀၂၀ ရွေးကောက်ပွဲ နောက်ပိုင်းမှာ ဘင်္ဂါလီကိစ္စဟာ အမေရိကန်နဲ့ အိုအိုင်စီတို့ ရည်ရွယ်သလို ဖြစ်မလာတော့ပါဘူး။ ဒီအတွက် ဘင်္ဂါလီကိစ္စအပြင် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှာ ဖြစ်လာတဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခတွေကို အသုံးချလာပြန်ပါတယ်။ အကြောင်းပြချက်ကတော့ သူတို့လက်သုံးစကား လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှု၊ လူမျိုးတုံးသတ်ဖြတ်မှုတွေပါပဲ။ အဲဒီအကြောင်းပြချက်တွေဟာ အမေရိကန်က နိုင်ငံရေးရည်ရွယ်ချက်အတွက် အသုံးချနေကျ အကြောင်းပြချက်တွေပဲ ဖြစ်ပါတယ်။

ဒီမိုကရေစီထွန်းကားရေး၊ လွတ်လပ်ခွင့်ရရှိရေး ဆိုတဲ့ အသုံးအနှုန်းတွေဟာ အမေရိကန်ရဲ့ လက်သုံးစကားတွေပါ။ ဒီအသုံးအနှုန်းတွေသုံးပြီး နောက်ကွယ်က နိုင်ငံရေးအမြတ်ထုတ်တာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်က အီရတ်နိုင်ငံကို အမေရိကန် ကျူးကျော်တိုက်ခိုက်တုန်းကလည်း နိုင်ငံတကာကို ဖြောင်လိမ်ပြီး အီရတ်ကိုဝင်ပြီး တိုက်ခိုက်သွားခဲ့တာ လက်တွေ့ပါပဲ။ အီရတ်မှာ အဖျက်စွမ်းအားကြီးလက်နက်တွေရှိလို့ ဆိုပြီး အမေရိကန်က ဖြောင်ကျကျလိမ်လည်ပြီး အချုပ်အခြာပိုင်နိုင်ငံတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့တာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကုလသမဂ္ဂလည်း နှုတ်ဆိတ်နေခဲ့ပါတယ်။ အခုလည်း အဲဒီလိုနည်းလမ်းဟောင်းကြီးအတိုင်းပဲ ဖြစ်ပါတယ်။

အခုလည်း မြန်မာနိုင်ငံကို ဖိအားပေးဖို့အတွက် အမေရိကန်နဲ့အိုအိုင်စီတို့က လူ့အခွင့်အရေးကောင်စီကို လက်ကိုင်တုတ်အနေနဲ့ အသုံးချပြီး IIMM အဖွဲ့ကို ဖွဲ့ထားတာကြောင့် IIMM က တင်သွင်းတဲ့စာတမ်းဆိုတာ အမေရိကန်နဲ့ အိုအိုင်စီတို့ အလိုကျအတိုင်း ရေးထားတာပါပဲ။

တစ်ဖက်သတ်စွပ်စွဲထားတဲ့ အစီရင်ခံစာသာဖြစ်

လူ့အခွင့်အရေးကောင်စီရဲ့ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာဟာ တစ်ဖက်သတ်စွပ်စွဲထားတဲ့ အစီရင်ခံစာသာ ဖြစ်ပါတယ်။ IIMM အဖွဲ့အနေနဲ့က ဆုံးဖြတ်ချက်ချပြီး တရားစွဲအရေးယူလို့မရပေမယ့် မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်ချဖို့နဲ့ တရားစွဲဖို့အတွက် သက်သေအထောက်အထားအဖြစ် အသုံးချဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးကောင်စီကို တင်သွင်းလာတဲ့ အစီရင်ခံစာပါ အချက်အလက်တွေဟာ တရားမျှတမှု၊ မှန်ကန်မှု၊ ဘက်မလိုက်သွားပြီလို့ ပြောခဲ့ပါတယ်။

> **မြန်မာနိုင်ငံမှာ ဘင်္ဂါလီအရေးဟာ ၂၀၁၁ ခုနှစ်မှ ဖြစ်ပွားလာတဲ့ကိစ္စ မဟုတ်ပါဘူး။ လူ့အခွင့်အရေးကောင်စီဖွဲ့စည်းတဲ့ ၂၀၀၆ ခုနှစ်မတိုင်မီ ကတည်းကဖြစ်ပွားနေတာပါ။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးအကူးအပြောင်းမှာ ပထဝီနိုင်ငံရေးအမြတ်ထုတ်ဖို့နဲ့ ဘင်္ဂါလီအရေးမှာ အိုအိုင်စီအလိုကျဖြစ်ဖို့ ၂၀၁၇ ခုနှစ်မှာမှ FFM ဖွဲ့ပြီး ၂၀၁၁ ခုနှစ်ကစပြီး ကျူးလွန်ခဲ့တာတွေကို အထောက်အထားယူဖို့လုပ်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် လူ့အခွင့်အရေးကောင်စီ ဆိုတာ လူသားတိုင်း၊ နိုင်ငံတိုင်းကို ကိုယ်စားပြုနေတာမဟုတ်ဘဲ လွှမ်းမိုးနိုင်တဲ့ နိုင်ငံနဲ့အဖွဲ့အစည်းအချို့ကိုယ်စား လုပ်ဆောင်ပေးနေတဲ့ လူ့အခွင့်အရေး အမည်ခံအဖွဲ့ပဲဖြစ်**

လူ့အခွင့်အရေးကောင်စီကို ပြန်ပြင်လို့မရတဲ့ အခြေအနေမဆိုက်ခင်၊ ကောင်စီပြုပြင်ပြောင်းလဲရေးချက်ချင်းအရေးယူဆောင်ရွက်ကြဖို့ လူ့အခွင့်အရေးကောင်စီကနေ အမေရိကန်မထွက်ခွာခင်မှာ အဖွဲ့ဝင်နိုင်ငံတွေကို တိုက်တွန်းခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြောခဲ့ပါတယ်။ ကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအတွက် သိက္ခာကျစရာ၊ အရှက်ရစရာပါ။ ဒါပေမဲ့ လူ့အခွင့်အရေးကောင်စီကတော့ ပြုပြင်ပြောင်းလဲမှုမရှိဘဲ နဂိုအတိုင်း ဘက်လိုက်မှုတွေနဲ့ လည်ပတ်နေတုန်းပါပဲ။

သြဇာခံ၊ ကြိုးဆွဲခံနဲ့ နိုင်ငံရေးအသုံးချခံအဖွဲ့အစည်းတစ်ခု

လူ့အခွင့်အရေးကောင်စီရဲ့ နိုင်ငံရေးဘက်လိုက်မှုတွေကို အခြေခံရယူထားတာထက် သူတို့လိုချင်တဲ့ အချက်တွေကိုပဲ သူတို့လိုလားတဲ့သူတွေဆီက စုဆောင်းထားတာပါ။ နိုင်ငံရေးဘက်လိုက်မှုတွေနဲ့ ရေးထားတဲ့အစီရင်ခံစာကို ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကောင်စီဆိုတဲ့အဖွဲ့ကြီးကလည်း လက်ခံဆွေးနွေးခဲ့ပါတယ်။

လူ့အခွင့်အရေးကောင်စီရဲ့ ဒီလိုတစ်ဖက်သတ်လုပ်ဆောင်ခဲ့လို့ လူ့အခွင့်အရေးကောင်စီဟာ ယခင်ကလည်း အရှက်ရစရာတွေ ဖြစ်ခဲ့ပြီးပါပြီ။ ၂၀၁၈ ခုနှစ်က လူ့အခွင့်အရေးကောင်စီက နုတ်ထွက်ဖို့ အမေရိကန်နိုင်ငံက ကြေညာခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီဟာ နိုင်ငံရေးဘက်လိုက်မှုတွေ ရောပြွမ်းနေလို့ နုတ်ထွက်ရတာဖြစ်တယ်လို့ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ပြောခဲ့ပါတယ်။ ဒဲ့အပြင် လူ့အခွင့်အရေးကောင်စီကို ပြုပြင်ပြောင်းလဲဖို့တောင်းဆိုထားတာကို အကောင်အထည်ဖော်မပေးဘူးလို့ ပြောခဲ့ပါတယ်။

လူ့အခွင့်အရေးကောင်စီကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ပြောခဲ့တဲ့အထဲမှာ ဒီနှစ်ဆန်းပိုင်းမှာရော ပြီးခဲ့တဲ့နှစ်တွေအတွင်းကပါ အစ္စရေးနိုင်ငံအပေါ် ဆုံးဖြတ်ချက်ငါးခု ချမှတ်ခဲ့ခြင်းဟာ တရားမျှတမှုမရှိတဲ့အကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုပိုများတဲ့ မြောက်ကိုရီးယား၊ အီရန်နဲ့ ဆီးရီးယား သုံးနိုင်ငံအပေါ် ချမှတ်တဲ့ ဆုံးဖြတ်ချက်ထက် ပိုများကြောင်း၊ ဒါကြောင့် တစ်ချိန်က လူ့အခွင့်အရေးကောင်စီအပေါ်မှာ လေးစားတဲ့အမြင်ထားခဲ့ပေမယ့် အခုကတော့ အထင်ကြီးလေးစားသမျှ ပျောက်ကွယ်မှုတွေက လိုရင်တစ်မျိုး မလိုရင်တစ်မျိုးနဲ့ပါ။ ပြီးခဲ့တဲ့ မေလအတွင်းက ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီး မီချဲလ်ဘက်ချလက်ရဲ့ တရုတ်နိုင်ငံ ခရီးစဉ်နဲ့ပတ်သက်လို့ အငြင်းပွားဖွယ်နဲ့ အရှက်ရစရာ ဖြစ်ခဲ့ပြန်ပါတယ်။ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ လက်ခံတဲ့ကိစ္စတွေမှာလည်း ဘက်လိုက်မှုတွေ ရှိခဲ့ပါတယ်။ ကြည့်မယ်ဆိုရင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဟာ လူ့အခွင့်အရေးကို အလေးထားတာထက် သြဇာခံ၊ ကြိုးဆွဲခံနဲ့ နိုင်ငံရေးအသုံးချခံအဖွဲ့အစည်းတစ်ခုဆိုတာထက်မပိုပါဘူး။ လူ့အခွင့်အရေးကို တန်ဖိုးထား၊ အလေးထားတယ်ဆိုရင် လူတိုင်းအပေါ်၊ နိုင်ငံကြီးငယ်မရွေး တန်းတူညီမျှ ဖြစ်ရမှာပါ။

မြန်မာနိုင်ငံနဲ့ဖြစ်နေတဲ့ကိစ္စမှာလည်း အိုအိုင်စီနဲ့ အမေရိကန်အလိုကျ လုပ်ဆောင်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ မြန်မာနိုင်ငံမှာ ဘင်္ဂါလီအရေးဟာ ၂၀၁၁ ခုနှစ်မှ ဖြစ်ပွားလာတဲ့ကိစ္စ မဟုတ်ပါဘူး။ လူ့အခွင့်အရေးကောင်စီဖွဲ့စည်းတဲ့ ၂၀၀၆ ခုနှစ်မတိုင်မီကတည်းက ဖြစ်ပွားနေတာပါ။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးအကူးအပြောင်းမှာ ပထဝီနိုင်ငံရေးအမြတ်ထုတ်ဖို့နဲ့ ဘင်္ဂါလီအရေးမှာ အိုအိုင်စီအလိုကျဖြစ်ဖို့ ၂၀၁၇ ခုနှစ်မှာမှ FFM ဖွဲ့ပြီး ၂၀၁၁ ခုနှစ်ကစပြီး ကျူးလွန်ခဲ့တာတွေကို အထောက်အထားယူဖို့လုပ်ခဲ့ပါတယ်။ ဒါကိုကြည့်ရင် လူ့အခွင့်အရေးကောင်စီဆိုတာ လူသားတိုင်း၊ နိုင်ငံတိုင်းကို ကိုယ်စားပြုနေတာမဟုတ်ဘဲ လွှမ်းမိုးနိုင်တဲ့ နိုင်ငံနဲ့ အဖွဲ့အစည်းအချို့ကိုယ်စား လုပ်ဆောင်ပေးနေတဲ့ လူ့အခွင့်အရေးအမည်ခံအဖွဲ့ပဲ ဖြစ်ပါတယ်။

လက်ရှိကျင်းပနေတဲ့ လူ့အခွင့်အရေးကောင်စီမှာ မြန်မာနိုင်ငံကို ဖိအားပေးဖို့ ရည်ရွယ်ပြီး ဥရောပသမဂ္ဂ၊ အိုအိုင်စီတို့နဲ့ အပြန်အလှန်ဆွေးနွေးပြီး လက်ဝါးရိုက်ကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြပါတယ်။ IIMM က တင်သွင်းတဲ့အစီရင်ခံစာပါ အချက်အလက်တွေဆိုတာကလည်း အခြေအနေမှန်၊ အဖြစ်မှန်တွေ ချည်းမဟုတ်ပါဘူး။ မြန်မာအစိုးရကို အပြစ်ဖို့လို့ရမယ့် အချက်တွေကိုပဲ စုစည်းဖော်ပြထားပါတယ်။

ကမ္ဘာမှာ မြန်မာနိုင်ငံထက် လူ့အခွင့်အရေးဆိုင်ရာ အညွှန်းကိန်းနိမ့်နေတဲ့ နိုင်ငံတွေရှိပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးအဖွဲ့ကြီးက မသိကျိုးကျွန်လုပ်နေပါတယ်။ အဲဒီနိုင်ငံတွေမှာ အမေရိကန်ရဲ့ အကျိုးစီးပွားနဲ့ အိုအိုင်စီရဲ့ အကျိုးစီးပွားတွေမရှိတဲ့အတွက် လူ့အခွင့်အရေးကောင်စီက အဲဒီနိုင်ငံတွေရဲ့ လူ့အခွင့်အရေးတွေကို ဂရုမစိုက်သလို ဖိအားပေးဖို့လည်း မလုပ်ပါဘူး။ ဒီလိုဘက်လိုက်တဲ့အဖွဲ့အစည်းတွေ၊ မျှတမှုမရှိတဲ့ အဖွဲ့အစည်းတွေကြောင့် ကမ္ဘာမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေကို ကမ္ဘာ့အဖွဲ့အစည်းကြီးက မထိန်းနိုင်တာတွေ့နေရပါတယ်။

ယုံကြည်မှုကျဆင်းလာမှာ သေချာ

နိုင်ငံတွေကို ကိုယ်စားပြုနေတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးကိုယ်တိုင်က ဘက်လိုက်နေရင်၊ မျှတမှုမရှိရင် ဒီအဖွဲ့အစည်းအပေါ် နိုင်ငံတွေရဲ့ ယုံကြည်မှုကျဆင်းလာမှာ သေချာပါတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့၊ လူသားချင်းစာနာထောက်ထားမှုတို့ဆိုတာ ကိုယ်ကျိုးစီးပွားအတွက်၊ နိုင်ငံရေးအတွက် အသုံးချတဲ့လက်နက်တွေ မဟုတ်ပါဘူး။ ဒီမိုကရေစီကို အလေးထားပါတယ်ဆိုတဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီး၊ လူ့အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ အဖွဲ့ကြီးတွေကိုယ်တိုင်က အဖွဲ့ကြီးရဲ့ ပဋိညာဉ်နဲ့ ရည်ရွယ်ချက်တွေကို ဖောက်ဖျက်နေကြပါတယ်။ ဒီလိုအဖွဲ့အစည်းတွေကပြောနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုတာက ဓားသွားပေါ်ကဟျားရည် တစ်စက်လိုပါပဲ။ သူတို့ပြောတဲ့ တရားမျှတမှုဆိုတာက သူတို့ပေတံနဲ့တိုင်းတဲ့ တရားမျှတမှုတွေ ဖြစ်နေပါတယ်။ လူ့အခွင့်အရေးကောင်စီရဲ့ အကြီးအကဲဖြစ်တဲ့ ခေတ္တမဟာမင်းကြီးကိုယ်တိုင်က အိုအိုင်စီ၊ အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့ ကြိုးဆွဲရာ အတိုင်း “က” နေတာဟာ ကမ္ဘာ့အဖွဲ့အစည်းကြီးအတွက် သိက္ခာကျဆင်းစေပြီး အရှက်ရစရာလည်းဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့တဲ့ ရည်ရွယ်ချက်တွေဟာ အမှန်တကယ် ကောင်းမွန်ပါတယ်။ လူသားသမိုင်းတစ်လျှောက်တွေ့ကြုံခဲ့ရတဲ့ ကမ္ဘာစစ်ကြီးတွေလို ထပ်မံမဖြစ်ပွားဖို့နဲ့ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးတည်ဆောက်ဖို့ ရည်ရွယ်ခဲ့တာပါ။ ကမ္ဘာ့လူသားတွေကောင်းကျိုး၊ အနာဂတ်ကောင်းကျိုးတွေအတွက် ဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးနဲ့ လက်အောက်ခံအဖွဲ့တွေက ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို မျက်ကွယ်ပြု၊ ပဋိညာဉ်တွေကို ချိုးဖောက်နေရင် ကမ္ဘာကြီးမှာ ပဋိပက္ခနဲ့ မငြိမ်းချမ်းမှုတွေ ပိုတိုးလာဖို့ပဲ ရှိပါတယ်။

ကမ္ဘာမှာ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေ၊ ကျူးကျော်တိုက်ခိုက်မှု၊ ကြားခံစစ်ပွဲ၊ ပြည်တွင်းရေးစွက်ဖက်မှုဆိုတာတွေ တိုးမြင့်လာနေပါတယ်။ အင်အားကြီးနိုင်ငံတွေက ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံငယ်တွေကို အသုံးချဖို့ ကြိုးစားနေပါတယ်။ အဲဒီကတစ်ဆင့်ဖြစ်လာတဲ့အကျိုးဆက်တွေက နိုင်ငံအားလုံးကို ထိခိုက်နေပါတယ်။

စာမျက်နှာ ၇ သို့ ❐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ပွဲတက်ရောက်

စစ်တွေ အောက်တိုဘာ ၇

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ဦးဥတ္တမခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ဗဟိုအဆင့်ပြိုင်ပွဲဝင်နိုင်ရန်အတွက် ပြည်နယ်အဆင့်ပြိုင်ပွဲတွင် အရည်အချင်းပြည့်ဝသော ပြိုင်ပွဲဝင်များကို ရွေးချယ်ပေးထားပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ရခိုင်ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ရေးအတွက် အောင်မြင်မှုရရှိအောင် အားလုံးကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ပွဲဝင်များသည် ရခိုင်ပြည်နယ်အတွက် ကိုယ်စားပြုပြီး မြို့နယ်အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ကြသူများဖြစ်သဖြင့် ညီအစ်ကိုမောင်နှမသဖွယ်စည်းစည်းရုံးရုံးနေထိုင်ကြကာ အခက်အခဲရှိပါကလည်း တစ်ဦးနှင့်တစ်ဦး ဖေးမကူညီရှိင်းပင်းနေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ နေပြည်တော်သို့ရောက်ရှိသည့်အခါ ကျန်းမာရေးဂရုစိုက်ကြရန်၊ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ ပြိုင်ပွဲကာလတစ်လျှောက်တွင်လည်း ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွက် ပြိုင်ပွဲဝင်များကို အနီးကပ်သင်ကြားပြသပေးခဲ့သည့် နည်းပြဆရာ၊ ဆရာမများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မှ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် အဆင့်(၅) ရရှိခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း ရခိုင်ပြည်နယ်အတွက် ရွှေတံဆိပ်များ များစွာဆွတ်ခူးနိုင်ကြပြီး ရခိုင်သားဆိုလျှင်အစွမ်းဖော်ပါဆိုသည့်အတိုင်း ရခိုင်ပြည်နယ်၏ ဂုဏ်ကို ဆောင်နိုင်သော သားကောင်းသမီးရတနာ ပြိုင်ပွဲဝင်များဖြစ်ကြပါစေကြောင်းပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးထိ အောင်နိုင်ရေးအလံပေးအပ်ပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက အောင်နိုင်ရေးကတိပြုစကားပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က မယိမ်တက်ယိမ်းအက၊ ပြိုင်ပွဲဝင်များက မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်သီချင်းများ၊ တစ်ဦးချင်း အကတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ သီဆိုကပြဖျော်ဖြေကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်များအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကြကာ ပြိုင်ပွဲဝင်များနှင့်အတူစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် ၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲအား ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ မုဒုံမြို့သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပုသိမ်မြို့ သင်တန်းကျောင်းတို့တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်၊ မောင်တောမြို့ သင်တန်းကျောင်းတွင် အမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သူရိန်ထွန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ ကော့သောင်းမြို့ သင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းလင်းတို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးဆုံးပါက တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးလျက်ရှိသည်။ သင်တန်းထူးချွန်ဆုရရှိသူများအား စက်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတွင်၂၀၂၂ ခုနှစ် မေ ၉ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူ ၇၆၄ ဦး တက်ရောက်ခဲ့သည်။ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသူစုစုပေါင်း ၉၄၂၃၂ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးနဲမြို့နယ်၌ ကြက်ခြေနီအသင်း(ခွဲ)ရုံး ဆောက်လုပ်ရန် အလှူငွေပေးအပ်

မိုးနဲ အောက်တိုဘာ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကြက်ခြေနီအသင်း(ခွဲ)ရုံး ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး လှူဒါန်းမှုများအတွက် အလှူရှင်တစ်ဦးချင်းစီအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

❒ စာမျက်နှာ ၆ မှ

ဒီလိုအချိန်မှာ ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့တွေက ကမ္ဘာကြီးငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားမျှတရေးတွေ လုပ်ရမယ့်အစား တလွဲဆံပင်ကောင်းပြီး လက်ဝါးကြီးအုပ် နိုင်ငံကြီးအချို့နဲ့ အဖွဲ့အစည်းအချို့ရဲ့ လက်ကိုင်တုတ်အဖြစ်နဲ့ ဘက်လိုက်နေတာကြောင့် ကုလသမဂ္ဂနဲ့ လက်အောက်ခံအဖွဲ့တွေရဲ့ ရပ်တည်ချက်အပေါ် မေးခွန်းထုတ်စရာဖြစ်နေတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ လူ့အခွင့်အရေးကောင်စီရဲ့ ရပ်တည်ချက်ကိုကြည့်ရင် ပြဿနာတစ်ရပ်ဖြေရှင်းရေးထက် ပြဿနာပိုမိုကြီးထွားရေး၊ နောက်ကွယ်က အမြတ်ထုတ်လိုသူတွေရဲ့ လိုလားချက် ပြည့်ဝရေးကို အဓိကရည်ရွယ်တာတွေ့ရပါတယ်။ မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွား လုံးဝမပါပါဘူး။ လူ့အခွင့်အရေးကောင်စီရဲ့ ဒီလိုတစ်ဖက်သတ် လုပ်ဆောင်မှုကြောင့် နိုင်ငံတချို့က လူ့အခွင့်အရေးကောင်စီကို ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြပါတယ်။

အခုဆို လူ့အခွင့်အရေးကောင်စီရဲ့ ဘက်လိုက်မှု၊ မမျှတမှုတွေကြောင့် အဖွဲ့အစည်းအပေါ် ယုံကြည်မှု ကျဆင်းနေပါပြီ။ ကမ္ဘာ့အဖွဲ့အစည်းတစ်ခုအပေါ် အဖွဲ့ဝင်နိုင်ငံတွေက ယုံကြည်မှု ကျဆင်းလာတာဟာ အနာဂတ်ကမ္ဘာအတွက် ကောင်းတဲ့အလားအလာ မဟုတ်တာတော့ သေချာပါတယ်။ ။

မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းများ စိစစ်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၇

ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးနှင့် မဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် အခြေခံလူဦးရေစာရင်းများ စိစစ်ဆောင်ရွက်ကြရာတွင် မြို့နယ်အသီးသီး၌ ပြောင်းရွှေ့ဝင်ရောက်လာသူများ၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၊ သေဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ရရှိပြီး ဥပဒေနှင့်အညီ နေထိုင်သူများကိုစိစစ်၍ မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် အခြေခံရမည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ လစဉ်တိုက်ဆိုင်စစ်ဆေးကြရန် လိုအပ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့၏ မဲစာရင်းများမှန်ကန်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြောကြားခဲ့သည်။

Update ဆောင်ရွက်ရန်လိုအပ်

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းများပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်သည့် မြေပြင် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ပြီး စိစစ်ပြီးသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က လစဉ် Update ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ရွေးကောက်ပွဲတွင်ဆန္ဒမဲပေးခွင့်ရှိသူများမှာ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် ပါဝင်ရန် ပုံစံ(၆၆/၆)ရှိကြရမည်ဖြစ်ပြီး ပုံစံ (၆၆/၆) ရှိသည့် မိမိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ကြောင်း၊ ပုံစံ(၆၆/၆) မရှိပါက မဲစာရင်းတွင် ပါဝင်မည်မဟုတ်သကဲ့သို့ မဲပေးခွင့်ရရှိမည်မဟုတ်ကြောင်း၊ ဒုံအပြင် ဆန္ဒမဲပေးခွင့်ရရန် နိုင်ငံသားစိစစ်ရေးကတ်ရှိရန်လိုကြောင်း၊ သက်ဆိုင်ရာ ဌာနများက မဲဆန္ဒရှင်ပြည်သူများ ပုံစံ(၆၆/၆)ရရှိရေး၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးတို့ကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စက်တင်ဘာလ အထိ တင်ပြရာ -

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက် အရ

(က) သေဆုံး၊ ပြောင်းထွက်၊ နှစ်ကြိမ်ထပ်၊ သုံးကြိမ်ထပ်တို့မှ လျော့သည့်ဦးရေ ၃၄၃၂ ဦး၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ဖြည့်သွင်းမှု ၂၂၅ ဦး၊

(ဂ) အခြားမြို့နယ်မှ ပုံစံ (၆၆/၆) အသစ်ပြောင်းဝင်ဦးရေ ၃၀၁ ဦး၊

(ဃ) မြို့နယ်အတွင်း ပုံစံ(၆၆/၆)အသစ် ထပ်တိုးဦးရေ ၃၆၉ ဦး၊

(င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုး ဦးရေ ၃၉၄၁ ဦး၊

၂။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

(က) မြေပြင်တွင်ထပ်တိုး

(၁) ပုံစံ (၆၆/၆) ရှိသူ - ၂၃၀၆၉ ဦး၊

(၂) ပုံစံ (၆၆/၆) အခြားတွင်ရှိသူ ၁၉၀၆ ဦး၊

(၃) ပုံစံ (၆၆/၆) မရှိသူ ၇၉၄ ဦး

စုစုပေါင်း ၂၅၇၆၉ ဦး၊

(ခ) မြေပြင်တွင်လျော့သည့် ဦးရေ

(၁) ပုံစံ(၆၆/၆) ရှိသူထဲမှ ၃၉၀၃ ဦး၊

(၂) ပုံစံ (၆၆/၆) အခြားတွင်ရှိသူ ၈၃၂ ဦး၊

(၃) ပုံစံ (၆၆/၆) မရှိသူ ၈၃၈ ဦး

စုစုပေါင်း ၅၅၇၃ ဦးရှိကြောင်း၊

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၆၅၃ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူးက လူဦးရေစာရင်းများ စိစစ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ရှေ့ပြေးစီမံချက်အရ

ထို့နောက် ပြည်ထောင်စုနယ်မြေတာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင်က ရှေ့ပြေးစီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စုစုပေါင်းလူဦးရေစာရင်း ၁၅၀၀၂၇၆ ဦးတွင် စိစစ်လိုက်သောအခါ မြေပြင်တွင်နေထိုင်သည့်လူဦးရေ ၉၉၅၃၂၉ ဦး ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပုံစံ(၆၆/၆)ဖြင့် မှတ်ပုံတင်ရှိပြီး ဥပဒေနှင့်အညီ နေထိုင်သူ ၈၉၇၃၅၅ ဦး ဖြစ်ကြောင်း စက်တင်ဘာလကုန်စိစစ်ချက်အရ မြေပြင်တွင်နေထိုင်သည့်လူဦးရေ ၁၀၁၆၇၁၀ တွင် ဥပဒေနှင့်အညီနေထိုင်သူ ၉၁၇၀၄၃ ဦး ဖြစ်သဖြင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ အိမ်ထောင်စုဇယား ပုံစံ(၆၆/၆) များပြောင်းရွှေ့လာသောကြောင့် လူဦးရေစာရင်း တိုးခဲ့ခြင်းဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဝန်ထမ်းများ အများစုနေထိုင်ကြပါကြောင်း၊ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ မဲပေးခွင့်ရရှိရန် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားပုံစံ(၆၆/၆) ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စုဇယားပုံစံ(၆၆/၆)များ ပြောင်းရွှေ့ရန် ညွှန်ကြားချက်အရ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ပုံစံ(၆၆/၆)များ ပြောင်းရွှေ့ဝင်ရောက်လျက်ရှိကြောင်း၊ ထိုသို့ပြောင်းရွှေ့ရာတွင် အခက်အခဲမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် မှာကြားထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှတာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး ဆောင်ရွက်မှုလုပ်ငန်းအောင်မြင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ကွမ်းခြံကုန်းမြို့နယ်၌ နေကြာစိုက်ပျိုးမည့်တောင်သူများအား နေကြာမျိုးစေ့ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ကွမ်းခြံကုန်း အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့ပေးပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်ကျော်က နေကြာစိုက်ပျိုးမှုနှင့်ပတ်သက်၍ စီမံကိန်းလျာထားဇက ရာနှုန်းပြည့်စိုက်ပျိုးသွားရန် လမ်းညွှန်အမှာစကားပြောကြားခြင်း၊ တွံတေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးက နေကြာစိုက်ပျိုးရေးလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခြင်း၊ ကွမ်းခြံကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက စီမံကိန်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများနှင့် နေကြာဇက ရာနှုန်းပြည့်စိုက်ပျိုးရန်အတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခြင်းနှင့် ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စိုက်ပျိုးရေးတာဝန်ခံ ဦးကြည်စိန်က နေကြာဇကရာနှုန်းပြည့် စိုက်ပျိုးရန်အတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် မျိုးစေ့စုဆောင်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက နေကြာစိုက်ပျိုးမည့်တောင်သူများထံသို့ နေကြာစိုက်ပျိုးရေးတိုက်နယ်အလိုက် ကြီးကြပ်မှုတာဝန်ခံများမှတစ်ဆင့် နေကြာမျိုးစေ့များကို တောင်သူလက်ဝယ်အရောက် ဆက်လက်ပေးအပ်နိုင်ရေးအတွက် ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ဆွေနွယ်(ပြန်/ဆက်)

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပြိုင်ပွဲဝင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား အောင်နိုင်ရေးအလံပေးအပ်

ပုသိမ် အောက်တိုဘာ ၇

(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲဝင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား အောင်နိုင်ရေး အလံပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးဗဟိုအဆင့်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများ ပြုလုပ်၍ အရည်အချင်းပြည့်မီသူများအား စနစ်တကျ ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြောင်း၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ဗဟိုအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၉၃ ဦးဖြင့် ပြိုင်ပွဲဘာသာရပ်များအား ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယခင်နှစ်ထက် အောင်မြင်မှုများပိုမိုရရှိစေရေး ကြိုးစားဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ ပြိုင်ပွဲဝင်ကာလတစ်လျှောက်လုံး ကျန်းမာရေးအထူးဂရုပြုကြရန်

နှင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုတံဆိပ်များစွာရရှိ၍ အောင်ပွဲနှင့်အတူ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်များ၊ နည်းပြ/အုပ်ချုပ်အဖွဲ့များ ဝိုင်းဝန်းကြိုးပမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ဗဟိုအဆင့်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များ၏ ဝါသနာရှင် (ဒုတိယတန်း) ခေတ်ဟောင်းကာလပေါ်၊ ဝါသနာရှင် (ဒုတိယတန်း)အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အဆင့်မြင့်ပညာခေတ်ဟောင်းကာလပေါ်၊ အခြေခံပညာ(၁၅-၂၀) ခေတ်ဟောင်းကာလပေါ်တေးများဖြင့် လည်းကောင်း၊ အခြေခံပညာ(၁၀-၁၅) တစ်ဦးချင်းအကများကို လည်းကောင်း၊ ဝါသနာရှင်ဒုတိယတန်းဆိုင်းတစ်ဦးချင်း၊ ဝါသနာရှင်ဒုတိယတန်း စောင်း၊ အဆင့်မြင့်ပညာ ဂီတာ၊ အခြေခံပညာ(၁၅-၂၀) မယ်ဒလင်၊ အခြေခံပညာ(၁၀-၁၅)စန္ဒရား၊ အခြေခံပညာ (၁၅-၂၀) ဆိုင်းအဖွဲ့လိုက်တို့၏ အနုပညာစွမ်းရည်များပြသမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ဗဟိုအဆင့်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးဇာလီဝင်းစော-ဒေါ်ခင်နှင်းဖြူ(မင်္ဂလာရတနာ ကျောက်စီပန်းချီဆိုင် - ဗိုလ်ချုပ်ဈေး)က ငွေကျပ်သုံးသိန်း၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် နှစ်သိန်း၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်တစ်သိန်းခွဲ၊ ဆရာတော် ဘဒ္ဒန္တ ကေလာသ(ပဏ္ဍိတာရာမစာသင်တိုက်၊ဒဂုံဆိပ်ကမ်း)၊ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)-မလေးယဉ် မိသားစု၊ ဦးအောင်ကြည် (အောင်ကြည်ညွှန့်-တက္ကသိုလ်)-(ဒေါ်ခင်ဖြူဗျင်) မိသားစု၊ ဦးညွှန့်လှိုင် (မောင်မောင်ညွှန့်လှိုင်)၊ အမေ့သားထိုက်စာပေနှင့်သက်နီးဆိုင် မိသားစု၊ ဦးဖေသက်ညွှန့်(စာရေးဆရာ ဆွေဇင်ညွှန့်)၊ စာရေးဆရာ ရဲမင်းစိုးနှင့် ဦးတင်ကိုကို - ဒေါ်အေးအေးမူ(တော်ဝင်မြင်းမိုရ် ကုမ္ဗဏီလီမိတက်)တို့က ငွေကျပ် တစ်သိန်းစီ၊ မင်္ဂလာဒုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ငါးသောင်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွှန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅)၊(၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၀၁-၂၅၁၃၇၊ ၀၉-၄၅၁၀၉၀၇၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

Yangon Book Plaza တွင် စျေးနှုန်းချိုသာစွာဖြင့် စာအုပ်စျေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သံစေး ငါးလွှာရှိ Yangon Book Plaza တွင် အများပြည်သူများ စျေးနှုန်းချိုသာစွာ ဝယ်ယူဖတ်ရှုနိုင်ရန် ရည်ရွယ်၍ စာအုပ်များကို စျေးလျှော့ရောင်းချပေးမည့် စာအုပ်စျေးပွဲတော်ကျင်းပသွားမည်ဟု သိရသည်။

ထိုစာအုပ်စျေးရောင်းပွဲတော်ကို ဝါလကင်းလွတ်သီတင်းကျွတ်အထိမ်းအမှတ်အနေဖြင့် အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ငါတို့စာပေတိုက်မှ ထုတ်ဝေသောစာအုပ်များကို ၂၀ ရာခိုင်နှုန်းနှင့် အခြားသောစာပေတိုက်များမှ ထုတ်ဝေသောစာအုပ်များကို ၁၀ ရာခိုင်နှုန်းအထိ စျေးလျှော့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စာအုပ်လေးအုပ်လျှင် ကျပ် ၁၀၀၀၊ သုံးအုပ်လျှင် ကျပ်၁၀၀၀ ၊ တစ်အုပ်လျှင် ကျပ် ၅၀၀၊ ရှစ်ပြစာအုပ် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည့် အစီအစဉ်လည်း ပါဝင်ကြောင်း Yangon Book Plaza မန်နေဂျာ ဒေါ်သီသီရှိန်ထံမှ သိရသည်။

စန္ဒာမိုး

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1ဧရိယာတွင် Environmental Impact Assessment (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၆ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၈ မိနစ် ၀၀.၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ မိနစ် ၀၀.၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၀၀.၀၀ စက္ကန့်၊ အရှေ့လောင် ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၇ မိနစ် ၀၀.၀၀ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် Environmental Impact Assessent (EIA) Survey လုပ်ငန်းများအား MV.PACIFIC PANDA ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်းမပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကတည်တ ကတဝေဒီ

ဘကြီးကောင်း

"မောင်မြင့်အေးပါလား၊ စောစောစီးစီး ဘာအကြောင်းထူးရှိလို့လဲ ကွဲ့"

"ဘကြီးကောင်းက ကျွန်တော့်ကို လောကမ္မဗဟုသုတတွေ အမြဲပြောဆို သင်ပြဆုံးမပေးတဲ့ ကျေးဇူးရှိတဲ့အတွက် ဝါလကင်းလွတ် သီတင်းကျွတ်မှာ ဘကြီးကောင်းကြိုက်တဲ့ ကိတ်မုန့်နဲ့လာကန်တော့ တာပါခင်ဗျာ"

"အေး၊ သာဓု သာဓု သာဓုပါကွယ်။ လောကမှာ သူ့ကျေးဇူးကို သိတတ်သောသူ၊ သူ့ကျေးဇူးရှိတဲ့အကြောင်း တစ်ပါးသူတို့အား ဝမ်းမြောက်ဝမ်းသာပြောတတ်တဲ့သူနဲ့ သူ့ကျေးဇူးကိုပြန်ပြီးဆပ်တဲ့ သူဆိုပြီး ပုဂ္ဂိုလ်သုံးမျိုးက ရှားပါးတယ်လို့ဆိုတယ်ကွဲ့။ ဒါကြောင့်မို့ မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာကြီးမှာ -

"မေတ္တာရှေးဦး၊ ပြုပေးဖူးကို
ကျေးဇူးသိမှု၊ ကတည်တည့်
ထိုသူထက်ပင်၊ ကျေးဇူးအင်ကို
ထင်ဘင်မချွတ်၊ ပြောဆိုတတ်က
သူမြတ်မှန်လှ၊ ကတဝေဒီ
ဟူတုံ့ပြီရှင့်၊ လောကီလူစုံ
မြင်ဥာဏ်နုတို့၊ သူပြုအထူး
သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်
မခေါက်မရက်၊ နှစ်သက်အင်ရွှဲ
သိတတ်ခဲ့၏"

ရယ်လို့ ကျေးဇူးတရားနဲ့ပတ်သက်ပြီး ခက်ခဲခြင်းသုံးမျိုးကို ဖော်ပြထားသကွဲ့။

ကျေးဇူးတရား

တို့မြန်မာ ရှေးခါဘိုးဘွားမိဘ ဆရာသမားတွေကတော့ ကျေးဇူးတရားနဲ့ ပတ်သက်လာရင် လူမပြောနဲ့ အဟိတ်တိရစ္ဆာန် ကျွဲ၊ နွားက အစ သစ်တစ်ပင်ရဲ့အရိပ်အဆုံး ကျေးဇူးသိတတ်ကြတယ်ကွဲ့။

မန်လည်ဆရာတော်ကြီးကလည်း ကျေးဇူးတရားနဲ့ပတ်သက်ရင် လူလူချင်းမပြောနဲ့ မိမိနဲ့စီးပွားဖက်လုပ်ပေးတဲ့ ကျွဲ၊ နွားတွေအပေါ်မှာတောင် ခိုင်းကောင်းတဲ့အရွယ်မှာခိုင်းပြီး အိုသွားတဲ့အခါမှာ ပစ်ပယ်မထားအပ်တဲ့အကြောင်း ဒီလိုရေးထားတယ်။

"ကျေးဇူးချေကာ၊ မပြုရာတည့်
လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်
မူဝန်ဆောင်ဘိ၊ ဟတ္ထိ အသ
ဂေါဏ၊ မဟိ'သာ၊ စသည်မှာလည်း
ပျိုခါစေစား၊ အိုခါ(ရှား)၍
စွန့်ထားပယ်ကာ၊ မပြုရာဘူး
ပြုပါတုံက၊ မိတ္တဒ္ဒိ
မညီမမျှ၊ လူ့ပါပတည့်" တဲ့။

မိတ္တဒ္ဒိဆိုတာ ယုတ်မာသောအပေါင်းအသင်း(မိတ်ဆွေကို ပစ်မှားသူ)လို့ ပြောတာ။

တစ်ဆက်တည်းမှာပဲ ကျေးဇူးမသိတတ်တဲ့ "အရိပ်နေနေ အခက်ချိုးချိုး"၊ "သားရေပေါ်အိပ် သားရေနားစား" ကျေးဇူးရှင်ကို ကျေးစွပ်သူတွေအတွက် မန်လည်ဆရာတော်ကြီးက ရေးထားပြန်တယ်။

"ဤလူ့ဘဝ၊ လူ့လောကၦ၊ ဥာဏသမ္ဘဝ၊ ကင်းမယှဉ်ပဲ၊ ကတည်တ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမ္ဘာ၊ ထိုမျှားစွာတို့၊ ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ တန်ခိုးနေ့ညာ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏" တဲ့။

ကတည်တ ကတဝေဒီကို ပါဠိအဘိဓာန်မှာ ကတည်တဆိုတာက ပြုအပ်သောကျေးဇူးကို သိတတ်သူ၊ ကတဝေဒီက ပြုအပ်ပြီးသော ကျေးဇူးကို သိတတ်သည်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်ကွဲ့."

"ကျေးဇူးတရားဆိုလို့ အခုနောက်ပိုင်း ကျွန်တော်တို့မြန်မာနိုင်ငံမှာ ခင်ပွန်းကြီးဆယ်ပါးကျေးဇူးဆပ်ပွဲတို့၊ ကန်တော့ပွဲတို့၊ ဝန်ချတောင်းပန်ပွဲတို့ကို မကြာခဏတွေ့လာရတယ်နော် ဘကြီးကောင်း"

"ကောင်းတဲ့အစဉ်အလာပေါ့ကွယ်။ ခင်ပွန်းကြီးဆယ်ပါး ဆိုတာ (၁) ဗုဒ္ဓ၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) အဂ္ဂသာဝက၊ (၅) အမိ၊ (၆) အဘ၊ (၇) အလေးအမြတ်ပြုအပ်သောဆရာ၊ (၈)ဆုံးမသောဆရာ၊ (၉) တရားဟောပြသောသူ၊ (၁၀) ပေးကမ်းအကျိုးဆောင်ပေးသူတို့ကို ဆိုလိုတာကွဲ့။

ခင်ပွန်းကြီးဆယ်ပါး၊ တစ်နည်းအားဖြင့် ကျေးဇူးရှင်ဆယ်ပါးကို ပူဇော်ရိုသေသမှုပြုရင် (၁)တစ်ပါးရွာသို့သွားလျှင် အစားအစာ မရှားပါးခြင်း၊ (၂) ရောဂါရာအရပ်၌ အပူဇော်ခံရခြင်း၊ (၃) ရန်သူမျိုးငါးပါးက မနှိပ်စက်ခြင်း၊ (၄) မျက်နှာမြင်က ချစ်ခင်သူပေါများခြင်း၊ (၅) ပွဲအလယ်၌ ရဲဂုဏ်ရှိခြင်း၊ (၆) မိမိ၏ကျေးဇူးသတင်းပျံ့လွင့်ခြင်း၊ (၇) အခြံအရံ အမြဲမပြတ်ရှိခြင်း၊ (၈) ဆင်၊ မြင်း၊ ကျွဲ၊ နွားပေါများလျက် စပါးသီးနှံ မပျက်စီးခြင်း၊ (၉) တောင်စောက်ချောက်ကမ်းပါးခွံကျသော်လည်း တည်ရာရနိုင်ခြင်း၊ (၁၀) သားသမီးနှင့်တကွ အခြေအမြစ် ကြီးကျယ်ခြင်းဆိုတဲ့ အကျိုးဆယ်ပါးကိုရရှိခံစားနိုင်တယ်ကွဲ့။

ဒဏ်ဆယ်ပါးသင့်

တစ်ဆက်တည်းမှာပဲ ခင်ပွန်းကြီးဆယ်ပါးအနက်က တစ်ပါးပါးကို ပြစ်မှားမိရင် (၁) ကြီးမားသောရောဂါကြီးများကို ခံစားရခြင်း၊ (၂) စည်းစိမ်လျော့ပါးခြင်း၊ (၃) မီးဘေးသင့်ခြင်း၊ (၄) ကိုယ်လက်အင်္ဂါကျိုးပျက်ခြင်း၊ (၅) ကုဋ္ဌနူနာစွဲကပ်ခြင်း၊ (၆) ရူးသွပ်ခြင်း၊ (၇) မင်းဘေးသင့်ခြင်း၊(၈) သူတစ်ပါး၏အစွပ်အစွဲခံရခြင်း၊ (၉) ဆွေမျိုးတို့နှင့်ကွဲရခြင်း၊ (၁၀) ရွှေ၊ ငွေ၊ ကျွဲ၊ နွား ပျက်ပြားရခြင်းဆိုတဲ့ ဒဏ်ဆယ်ပါးသင့်တယ်လို့ ကျမ်းဂန်မှာ ပြဆိုထားတယ်ကွဲ့."

"အခုလို ခင်ပွန်းကြီးဆယ်ပါးတို့၊ ကျေးဇူးတရားတို့နဲ့ဆက်စပ်တဲ့ စကားတွေ ကြားရတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ အမေနဲ့အဖေတို့ကို အင်မတန်သတိရမိပါတယ်ဗျာ၊ မိဘနှစ်ပါးရှိစဉ်အခါမှာ သားကျွေးမှု မယားကျွေးမှုတွေနဲ့ အလုပ်တွေရှုပ်ပြီး အချိန်များများမပေးနိုင်ခဲ့တဲ့ အပေါ်လည်း အခုမှနောင်တရမိတယ် ဘကြီးကောင်းရယ်"

> **"မိဘကိုလုပ်ကျွေးပြုစုနိုင်ဖို့ အခွင့်အရေးဆိုတာကလည်း ဒုလ္လဘငါးပါးပဲလို့ နိုင်ငံကျော်စာရေးဆရာ ဒါရိုက်တာကြီး ဦးသုခက ဆိုထားတယ်ကွဲ့။**
> **(၁) ကျွေးမွေးရကောင်းမှန်း သိတတ်တဲ့စေတနာ၊**
> **(၂) ကျွေးမွေးနိုင်လောက်အောင် ရှိတတ်သမျှ မိမိ၏အခြေအနေ၊**
> **(၃) မိဘက ကိုယ့်ထံလာရောက်မှီခိုဖို့အခြေအနေ၊**
> **(၄) မိမိကျွေးမွေးသမျှ ခံစားသုံးဆောင်နိုင်သေးတဲ့ မိဘအခြေအနေ (သတိလွတ်ကင်းပြီး သူငယ်ပြန်နေမှ ကျွေးရရင် မကောင်းတော့ဘူး)**
> **(၅) မိဘများ အသက်နှင့်ကိုယ် မြဲနေသေးသည့်အချိန်လို့ ဖွင့်ဆိုခဲ့ပါတယ်။**
> **အဲဒီဒုလ္လဘငါးပါးနဲ့မပြည့်စုံလို့ ကျွေးမွေးသင့်တဲ့အချိန်အခါမှာ မကျွေးမွေးလိုက်ရဘဲ ကွယ်လွန်ကုန်မှ နောင်တကြီးရနေတာလောက် ဗန်းရှုံးတာမရှိတော့ပါဘူးဗျာလို့လည်း ဆရာကြီးကရေးသားခဲ့**

"အေးကွယ်၊ မိဘကိုလုပ်ကျွေးပြုစုနိုင်ဖို့ အခွင့်အရေးဆိုတာကလည်း ဒုလ္လဘငါးပါးပဲလို့ နိုင်ငံကျော် စာရေးဆရာဒါရိုက်တာကြီး ဦးသုခ က ဆိုထားတယ်ကွဲ့။

(၁) ကျွေးမွေးရကောင်းမှန်း သိတတ်တဲ့စေတနာ၊
(၂) ကျွေးမွေးနိုင်လောက်အောင် ရှိတတ်သမျှ မိမိ၏အခြေအနေ၊
(၃) မိဘက ကိုယ့်ထံလာရောက်မှီခိုဖို့အခြေအနေ၊
(၄) မိမိကျွေးမွေးသမျှ ခံစားသုံးဆောင်နိုင်သေးတဲ့ မိဘအခြေအနေ (သတိလွတ်ကင်းပြီး သူငယ်ပြန်နေမှ ကျွေးရရင် မကောင်းတော့ဘူး)
(၅) မိဘများ အသက်နှင့်ကိုယ်မြဲနေသေးသည့် အချိန်လို့ ဖွင့်ဆိုခဲ့ပါတယ်။"

အဲဒီဒုလ္လဘငါးပါးနဲ့မပြည့်စုံလို့ ကျွေးမွေးသင့်တဲ့အချိန်အခါမှာ မကျွေးမွေး လိုက်ရဘဲ ကွယ်လွန်ကုန်မှ နောင်တကြီးရနေတာလောက် ဗန်းရှုံးတာမရှိတော့ပါဘူးဗျာလို့လည်း ဆရာကြီးကရေးသားခဲ့ပါတယ်။

မောင်မြင့်အေးရေ၊ မိဘကျေးဇူးဆိုတာကတော့ တို့လိုသာမန် ပုထုဇဉ်လူသားတွေအတွက်တော့ ကျေအောင်ဆပ်နိုင်ဖို့ဆိုတာက မလွယ်လှပါဘူး။ မြတ်စွာဘုရားရှင်က အဂုံတ္တိရ်ဒုကနိပါတ် သမစိတ္တဝဂ်မှာ 'ဘိက္ခုဝေ၊ ရဟန်းတို့။ သားသမီးဖြစ်သောသူသည် အသက်တစ်ရာတမ်း၌ဖြစ်၍ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ကာ ပခုံးတစ်ဖက်၌ အမိကိုဆောင်ယူ၍လုပ်ကျွေးပြုစုရာ၏။ ပခုံးတစ်ဖက်၌ အဘကို ဆောင်ယူ၍လုပ်ကျွေးပြုစုရာ၏။ ထိုသားသမီးဖြစ်သူသည် ထိုအမိအဘတို့အား အနံ့အသက်ကင်းအောင် အမွှေးအကြိုင်လိမ်းပေးခြင်း၊ အညောင်းအညာပြေအောင် နှိပ်နယ်ပေးခြင်း၊ ရေပူရေအေး ချိုးပေးခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းဖြင့် လုပ်ကျွေးပြုစုရာ၏။ ထိုအမိအဘတို့သည်လည်း ထိုသားသမီးပခုံးပေါ်၌ပင်လျှင် ကျင်ကြီးကျင်ငယ်ကိုစွန့်ကုန်ရာ၏။ ရဟန်းတို့ ဤသို့ပင်ပြုစုပါသော်လည်း အမိအဘတို့အား ကျေးဇူးပြုခြင်းသည်လည်းကောင်း၊ ကျေးဇူးတုံ့ပြန်ခြင်းသည်လည်းကောင်း၊ မဖြစ်နိုင်သေးသည်သာတည်း' ရယ်လို့ ဟောဖော်ညွှန်ပြဆိုဆုံးမခဲ့တယ်ကွဲ့။"

မန်လည်ဆရာတော်ကြီးကလည်း ဒီဘုရားဟောဒေသနာနဲ့အညီ မဃဒေဝလင်္ကာကြီးမှာ 'လူ့ဘုံဌာန၊ ဤလောကၦ၊ ဘကိုလက်ယာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး' ရယ်လို့ ရေးသားစပ်ဆိုတော်မူခဲ့တယ်ကွဲ့။

သို့ပေမယ့်လည်း သီလ၊ သမာဓိ၊ ပညာပြည့်ဝတဲ့ သူတော်ကောင်းကြီးများအနေနဲ့ကဖြင့် မိဘကျေးဇူးကို ပြေလည်အောင်ဆပ်နိုင်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ပြန်ပါတယ်။

တရားဓမ္မပြသ၍ ဓမ္မဖြင့်ပူဇော်ခြင်းသာလျှင် ကျေးဇူးဆပ်ရာရောက်

'ရဟန်းတို့ (အကြင်သူသည်ကား) သဒ္ဓါတရားမရှိသော အမိအဘတို့ကို သဒ္ဓါတရားနှင့်ပြည့်စုံခြင်းငှာ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏။ သီလမရှိသော အမိအဘတို့ကို သီလဖြင့်ပြည့်စုံခြင်းငှာ ဆောက်တည်စေ၏။ တည်စေ၏။ ဝန်တိုခြင်းမစ္ဆရိယရှိကုန်သော အမိအဘတို့ကို စွန့်ကြဲပေးကမ်းခြင်းနှင့်ပြည့်စုံစေခြင်းငှာ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏။ ပညာမဲ့သောအမိအဘတို့ကို ပညာနှင့်ပြည့်စုံခြင်းငှာ ဆောက်တည်စေ၏။ သက်ဝင်စေ၏။ တည်စေ၏။ ရဟန်းတို့ ဤသို့ပြုစုခြင်းဖြင့်သာလျှင် အမိအဘတို့အား ကျေးဇူးပြုခြင်းသည်လည်းကောင်း၊ ကျေးဇူးတုံ့ပြန်ခြင်းသည်လည်းကောင်းဖြစ်နိုင်၏'လို့ ဟောဖော်ညွှန်ပြဆိုဆုံးမခဲ့ပါတယ်။ အမိအဘတို့ကို တရားဓမ္မပြသ၍ ဓမ္မဖြင့်ပူဇော်ခြင်းသာလျှင် ကျေးဇူးဆပ်ရာရောက်တယ်လို့ဆိုလိုတာပေါ့ကွယ်။"

"ဟုတ်ကဲ့ပါ ဘကြီးကောင်း။ ကျွန်တော်က အခုလိုသီတင်းကျွတ်ကာလမှာ မိဘနှစ်ပါးမရှိလေတော့ အားငယ်ပြီးသတိရစိတ်နဲ့အတူ ကျကျနနမပြုစု မယုယ မကျွေးမွေးနိုင်ခဲ့လေခြင်းဆိုတဲ့နောင်တတွေ ဖြစ်မိတာပါ"

"နောင်တတစ်ဖန်မဖြစ်ပါနဲ့ မောင်မြင့်အေးရယ်။ ကိုယ်ကိုယ်တိုင် အခွင့်မသာခဲ့ပေမယ့် ခုနက ဆရာကြီးဦးသုခဆိုသလို မိဘကိုလုပ်ကျွေးပြုစုနိုင်ဖို့ ဒုလ္လဘတရားငါးပါးနဲ့ပြည့်စုံတဲ့ အပေါင်းအသင်းမိတ်ဆွေတွေကို-

" မိခင်ဖခင်၊ ကျေးဇူးရှင်ကို
ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့
ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး
သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ
ရိုတုပ်ကွလျက်၊
ကြီးထသက်အို၊ မျိုးဆွေကိုလည်း
ကြည်ညိုညွှတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
မယိမ်းစင်းလျင်း၊ ငြိမ်းစေမင်း"

ဆိုတဲ့ လောကသာရဆုံးမစာနဲ့အညီ နိဗ္ဗာန်ဆော်အဖြစ် နှိုးဆော်တိုက်တွန်းပေးရတာပေါ့ကွယ်။

စာမျက်နှာ ၁၁ သို့ ✧

ကျောင်းကုန်းမြို့နယ်မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်

ကျောင်းကုန်း အောက်တိုဘာ ၇

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အတွင်း တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး အတွက် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀နာရီတွင် ကျုံဖားရိုးအုပ်စု ယိုးဒယားတက်ကျေးရွာ မိုးကုတ်ဝိပဿနာမဓိရိပ်သာ၌ ပြုလုပ်သည်။

ဆွေးနွေးပြောကြား

တွေ့ဆုံပွဲတွင် ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီးငါးကြောင်း ပါဝင်သောအဖွဲ့သည် ကျုံဖားရိုး အုပ်စုအတွင်းရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင် ၃၃ ဦးနှင့် ပြည်သူ ၁၀၃ ဦး စုစုပေါင်း ၁၃၆ ဦးတို့နှင့်တွေ့ဆုံ၍ လုံခြုံရေး ဆိုင်ရာကိစ္စရပ်များ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် စားသုံးဆီဖူလုံစေရန် နေကြာကို စိုက်ပျိုးကြဖို့ လိုကြောင်း၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေး အတွက် ဆိုင်ကယ်စီးနင်း မောင်းနှင်ရာတွင် မေးသိုင်းကြိုးပါသော ဦးထုပ်ဆောင်ပြီး မောင်းနှင်စေရေး၊ နှစ်ယောက်ထက် ပိုမစီးစေရေး စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာစေရန် ည ၁၂နာရီမှ နံနက် ၄ နာရီအထိ ဒေသန္တရအမိန့်ထုတ်ပြန်ထားကြောင်း စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြသည်။ ထို့နောက် ဟောပြောပွဲ အပြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်သူနှစ်ဦး၊ အသက်(၁၀)နှစ် ပြည့်ပြီးသူတစ်ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းတစ်ခု ပြုလုပ်ပေးခြင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာက ဒေသခံပြည်သူ ၂၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှုတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ဆရာတော်၊သံဃာတော်၊သီလရှင်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ပဲဆက်ကပ်လှူဒါန်း

ဘားအံ အောက်တိုဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များ ဆွမ်းကိစ္စခက်ခဲပင်ပန်းမှုမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိ လှဂုဏ်ရည် သီလရှင်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ နှင့် ပဲ တို့အား သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ဖလမ်းမြို့၌ ပြည်သူများအား ဒုတိယအကြိမ်အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချ

ဖလမ်း အောက်တိုဘာ ၇

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကွက်ကဲမှုအောက်(ဟားခါးတပ်နယ်)တို့၏ ကြီးကြပ်ကွက်ကဲမှုဖြင့် ပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများအား ဒုတိယအကြိမ် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက် မြို့တော်ခန်းမရှေ့၌ ရောင်းချရာ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ကုလားပဲ၊ အမဲသား၊ ဝက်သား၊ ကြက်သား၊ ကြက်ဥစသည်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်း ၁၆ မျိုးကို ရောင်းချပေးခဲ့ရာ ဆန်နှစ်ပြည်လျှင်ငွေကျပ် ၄၆၀၀၊ ပဲဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၆၀၀၀၊ နေကြာ ဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၅၂၀၀၊ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၂၀၀၀၊ အမဲသားတစ်ပိသာလျှင် ငွေကျပ် ၉၆၀၀၊ ဝက်သားတစ်ပိသာလျှင် ငွေကျပ် ၉၆၀၀၊ ကြက်သားတစ်ပိသာလျှင် ငွေကျပ် ၉၆၀၀၊ ကုလားပဲတစ်ပိသာလျှင် ငွေကျပ် ၄၀၀၀စသည်ဖြင့်ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❖ YBS မှ

YRTC အနေဖြင့် ဘေးကင်းလုံခြုံပြီးဝန်ဆောင်မှုကောင်းမွန်သော အများပြည်သူပို့ဆောင်ရေးစနစ်ကိုတွင်ကျယ်စွာ အသုံးပြုနိုင်စေရန်နှင့် YPS ကတ်များအလွယ်တကူငွေဖြည့်သွင်းနိုင်စေရန် YPS ကတ်အရောင်း ဆိုင်ငယ်များတိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

YPS ကတ်စနစ်ကို တွင်ကျယ်စွာ အသုံးပြုလာစေရန် YRTCနှင့် Asia Starmar Transport Intelligent.Co;Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် YPS ကတ်စနစ် တပ်ဆင်ထားသော YBS ယာဉ်လိုင်းပေါင်း ၅၅ လိုင်းနှင့် YBS ယာဉ်စီးရေ ၂၂၈၉ စီးခန့်ရှိပြီး ရောင်းချပြီးကတ်အရေအတွက်မှာ ၁၅၀၀၀၀ ခန့်ရှိကာ လက်ရှိအသုံးပြုနေသောကတ်အရေအတွက်မှာ ၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့၌ YPS ကတ်အရောင်းဆိုင်ငယ်များ G&G စတိုးဆိုင်များနှင့် YPS Agent ဆိုင်များအပါအဝင် YPS အရောင်းဆိုင်ငယ်များ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗလစိုး

ကလေးအလုပ်သမားပယောက်ရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

မာန်အောင် အောက်တိုဘာ ၇

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းရုံးတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပယောက်ရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်ငြိမ်းက ကလေးအလုပ်သမားပယောက်ရေး အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး မာန်အောင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒေါ်ရတနာစိုးက ကလေးအလုပ်သမားပယောက်ရေး အမျိုးသားလုပ်ငန်း စီမံချက်(၃)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကလေး အလုပ်သမားပယောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၁၈ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ ၁၅ နှစ်ကာလ လျာထားပြီး ပထမ(၅) နှစ်စီမံချက်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို ဦးစားပေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးအလုပ်သမားပယောက်စေရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ မိဘ(သို့)အုပ်ထိန်းသူ၊ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ရပ်မိ/ရပ်ဖများနှင့် လူမှုမိတ်ဖက် အဖွဲ့အစည်းများအားလုံးပူးပေါင်း၍ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

သိန်းဖေ(ပြန်/ဆက်)

✧ **စာမျက်နှာ ၁၀ မှ**

အားငယ်စရာလည်းမလိုပါဘူး မောင်မြင့်အေးရယ်။ ကဗျာဆရာကြီး ဦးတင်မိုးရဲ့ -

"အမေဆုံးတယ်"တဲ့
တယ်လီဖုန်း အသံလာတော့
ကပျာကယာ စာသင်ရပ်ပါလို့
အလောင်းစင် မိခင်မြတ်ဆီသို့
ဦးညွှတ်လို့ ရောက်ခဲ့ပါ။
မကြာသေးခင်က
သူ့မြေးတွေ ကိုယ်တိုင်ချီလျက်
ကော်ဖီကို ဖျော်ကာတိုက်စဉ်မှ
မူးမိုက်ကာ အမေလဲသည်ဟု
ကြေကွဲဖွယ် သည်စကားကို
ဖခင်အို မျက်ရည်များရယ်နဲ့
ပြောကြားခဲ့ရာ။
ရွာပြန်လျှင် အမေကြိုလို့
စားလိုရာ အမေကျွေးပါတဲ့
အေးမြတဲ့ မိမျက်နှာ ...
ခုခါတော့ ပျောက်ဆုံး။
သို့လဲလေ
မေသားသည်လို ဖြေမပေါ့
သည်ရပ်မြေ သည်ဒေသဆီက
မိခင်တွေ ဟူသမျှကိုလ
မွေးမိခင် ထင်လာရမယ်ပေါ့
မြန်မာ့ ဤရေမြေ၌
အမေ မသေသေးပေဟု
သားလူတေ စိတ်ဖြေတွေးလို့ရယ်
ဆွေးရိပ်ကိုဖုံး"

ဆိုတဲ့ ကဗျာထဲကလို တစ်ပြည်လုံးမှာရှိတဲ့ ကိုယ့်မိခင်အရွယ်မှန်သမျှကို ကိုယ့်အမေလိုချစ်ကြည်ညိုပြီး အလွမ်းဖြေရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ အခုမှပဲ ကျွန်တော့်ရင်ထဲ ပေါ့သွားတော့တယ်။ ဝါလကင်းလွတ်သီတင်းကျွတ်ကာလမှာ ဘကြီးကောင်းကို ကျွန်တော် လက်အုပ်ချီမိုးရှိခိုးပူဇော်ပါတယ်ဗျာ"

"အေးကွယ်၊ သာဓု သာဓု သာဓု။ မိမိထက် အသက်အားဖြင့် ဂုဏ်အားဖြင့်ကြီးတဲ့သူတွေကို (ရှိခိုးခြင်း) အရိုအသေပြုခြင်း၊ ဦးညွှတ်ခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဟုဆိုအပ်သော အကျိုးတရားလေးပါးနဲ့ ပြည့်စုံပါစေကွယ်"။ ။

ကျမ်းကိုး - သုခ၏ခမ္မကထာ စာပဒေသာ၊ မဂ်လသုတ်နှင့် သုခမှတ်စု။

ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၂၀၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၆ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၂၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၅၄,၁၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၅,၈၇၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၉,၈၈၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၂) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၆) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏		
၈၁.၄ ရာခိုင်နှုန်းသည်	၁၇.၂ ရာခိုင်နှုန်းသည်	၁.၄ ရာခိုင်နှုန်းသည်
ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။	ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။	ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။

မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများကလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၈၄,၇၄,၅၅၅	၉၅၅,၅၆၄,၆	၁၀၈,၇၃၅
၂။	အိန္ဒိယ	၄,၄၆,၀၆,၄၆၀	၄,၄၀,၄,၃,၄,၄	၅,၈၇,၅,၄
၃။	ပြင်သစ်	၃,၅,၇,၀,၅,၃,၆	၃,,,

ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၇၀၀ ကျော် ရှိလာ

အစ္စလာမ္မာဘတ် အောက်တိုဘာ ၇

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်ပိုင်းမှစပြီး ဖြစ်ပွားသည့်ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၇၀၀ ကျော်ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၂၈၆၇ ဦး ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်များက ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ ရေကြီးရေလျှံမှုများနှင့် ဆက်စပ်ဖြစ်ပွားသည့် ဘေးအန္တရာယ်များကြောင့် သေဆုံးသူများတွင် ကလေးငယ် ၆၃၂ ဦးနှင့် အမျိုးသမီး ၃၄၀ တို့ပါဝင်ကြောင်း သိရသည်။

အဆိုးရွားဆုံးခံစားရ

နိုင်ငံ၏ တောင်ဘက်ပိုင်း ဆင်းပြည်နယ်သည် ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံးခံစားရပြီး ၇၆၃ ဦးသေဆုံးခဲ့သည်။ ဒုတိယအဆိုးရွားဆုံး ခံစားရသည့် ဘာလိုချီစတန်ပြည်နယ်၌ ၃၃၆ ဦး သေဆုံးပြီး အနောက်မြောက်ဘက် ခါဘာ ပတ်တန်ခွာပြည်နယ်၌ ၃၀၈ ဦးသေဆုံးကာ ပန်ဂျက်ပြည်နယ် အရှေ့ပိုင်း၌ ၂၂၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ရေကြီးရေလျှံမှုများကြောင့် လူနေအိမ် ၂၀၄၈၇၈၉ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး ကျွဲ၊နွားကောင်ရေ ၁၁၆၃၂၃၇ ကောင် သေဆုံးခဲ့သည်။

ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

ထိုင်းနိုင်ငံ နေ့ကလေးထိန်းကျောင်း သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၃၈ ဦး ရှိလာ

ဗန်ကောက် အောက်တိုဘာ ၇

ထိုင်းနိုင်ငံ နေ့ကလေးထိန်းကျောင်းသေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၃၈ ဦးရှိလာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် Nong Bua Lamphu ခရိုင်ရှိ အသက် သုံးနှစ်မှ ငါးနှစ်အရွယ် နေ့ကလေးထိန်းကျောင်း၌ ယမန်နေ့က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းသေနတ်ပစ်ခတ်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားသည် ရဲအရာရှိဟောင်းတစ်ဦးဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဇွန်လအတွင်း တာဝန်မှ ရပ်စဲခံခဲ့ရသူဖြစ်သည်။

အဆိုပါ အကြမ်းဖက်သမားသည် မူးယစ်ဆေးဝါးမှုဖြင့် တရားရုံး၌ အောက်တိုဘာ ၇ ရက်တွင် တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ရဲချုပ်Damrongsak Kittipraphat က အခင်းဖြစ်ပွားပြီးနောက် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှု မကျူးလွန်မီ အကြမ်းဖက်သမားသည် မူးယစ်ဆေးဝါးသုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်းနှင့် တရားခွင်သို့ တရားရင်ဆိုင်ရန် စိတ်ဖိစီးမှုများ ရှိနေဖွယ်ရှိကြောင်း ရဲချုပ် Damrongsak Kittipraphat က ဆက်လက်ပြောကြားသည်။

သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူများတွင် အကြမ်းဖက်သမား၏ မိသားစုဝင်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ပွားမှုနှင့် ပတ်သက်ပြီး အမြန်ဆုံး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ရဲချုပ်အား ညွှန်ကြားထားကြောင်းနှင့် သေဆုံးသူကလေးငယ်များ၏ မိဘဆွေမျိုးသားချင်းများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးချုပ် ချန်အိုချာက အခင်းဖြစ်ပွားသည့် နေ့ကလေးထိန်းကျောင်းသို့ သွားရောက်ကာ သေဆုံးသူများအား ရည်စူးပြီး လွမ်းသူ့ပန်းခွေများ သွားရောက်ချခဲ့သည်။

သေဆုံးသူကလေးငယ်များ၏ မိသားစုတစ်စုစီအား လျော်ကြေးငွေဘတ်နှစ်သိန်း(အမေရိကန်ဒေါ်လာ ၅၃၃၆၀) ခန့် ပေးအပ်သွားမည်ဖြစ်သည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၂ ဦး ထပ်မံသေဆုံး

မနီလာ အောက်တိုဘာ ၇

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၁၉၁ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၀၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၆၃၆၆၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၁၂၉ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၅၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ၁၅ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၂ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၇ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ အောက်တိုဘာ ၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၇ ဦးထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၅၀၁၀၈ ဦး ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၇၈၉ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း လေး ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၃၉၁ ဦးရှိလာပြီဖြစ်သည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၂၇ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၉၇၀၁၁၆ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၆၀၁ ဦးရှိပြီး ယင်းတို့အနက် ၃၆ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

အင်ဒိုနီးရှားနိုင်ငံ ဘောလုံးပွဲအဓိကရုဏ်းဖြစ်စဉ်အပေါ် တာဝန်ရှိသူခြောက်ဦးအား အရေးယူမည်

ဂျကာတာ အောက်တိုဘာ ၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် မာလန်းရှိ ကန်ဂျူရူဟန်အားကစားကွင်း၌ ဖြစ်ပွားခဲ့သည့် ဘောလုံးပွဲအဓိကရုဏ်းဖြစ်စဉ်နှင့် ပတ်သက်ပြီး တာဝန်ရှိသူခြောက်ဦးအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအမျိုးသားရဲချုပ် Listyo Sigit Prabowo က ယနေ့ပြောကြားသည်။

အဆိုပါ တာဝန်ရှိသူခြောက်ဦးသည် ဘောလုံးကွင်းအတွင်း အဓိကရုဏ်းဖြစ်ပွားစဉ် မျက်ရည်ယိုဗုံးများ အသုံးပြုရန် ရဲအရာရှိများအား ညွှန်ကြားခဲ့ကြောင်း သိရသည်။ ယင်းသို့ ဘောလုံးကွင်းအတွင်း မျက်ရည်ယိုဗုံးအသုံးပြုမှုကို နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်က တားမြစ်ထားကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် အဓိကပါဝင်ပတ်သက်သည့် တာဝန်ရှိသူခြောက်ဦးအနက် သုံးဦးသည် မျက်ရည်ယိုဗုံးအသုံးပြုမှုနှင့်ပတ်သက်ပြီး အပြည့်အဝတာဝန်ရှိကြောင်း ရဲချုပ် Listyo Sigit Prabowo က ဆိုသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ကျန်တာဝန်ရှိသူသုံးဦးမှာ နိုင်ငံ၏ဘောလုံးလိဂ်ကော်မတီ PT Liga Indonesia Baru (LIB) ဒါရိုက်တာ၊ the Arema FC ၏ကော်မတီအကြီးအကဲနှင့် လုံခြုံရေးရဲအရာရှိတစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါသုံးဦးသည် ဘောလုံးကွင်း၏လုံခြုံဘေးကင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပေါ့လျော့ခဲ့ကြောင်း ရဲချုပ် Listyo Sigit Prabowo က ဆက်လက်ပြောကြားသည်။

အဆိုပါဘောလုံးပွဲအဓိကရုဏ်းဖြစ်စဉ်သည် အောက်တိုဘာ ၁ ရက်က အင်ဒိုနီးရှားလိဂ်ဘောလုံးပွဲစဉ်တစ်ခုအဖြစ် Arema Malang ဘောလုံးအသင်းနှင့် Persebaya Surabaya ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် ၁၃၁ ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာအများအပြား ရရှိခဲ့သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

တရားမဝင် တိရစ္ဆာန်၊ ဆက်သွယ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် လိုင်စင်ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းရောက်ရှိသည့်ရက် ၆၀ ကျော်လွန်သည့် ဆက်သွယ်ရေးပစ္စည်းများ၊ CCTV Camera နှင့် ဆက်စပ်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၅၅၀၀)ကို လည်းကောင်း၊ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဖိနပ်အစုံ ၁၆၅၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၄၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် မီးဖိုချောင်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၀၄၇၅)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၁,၅၅၇,၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို လည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်း

အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၇၀၀,၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပန်တိုင်စစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ခိုင်းနွားနှင့်နို့စားနွား ၁၆ ကောင်(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၈၆၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်တစ်စီးနှင့် Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၈၆၅၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိမ္မော်သီး ၅၁ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၄,၅၂၃,၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဘုရင့်နောင်ပွဲရုံ **"အုံ့ထူး"** ငရုတ်သီးမှုန့်နှင့် ကုန်စုံဆိုင်သို့ ရောင်းတခင် သွားရောက်စစ်ဆေးခဲ့ရာ ငရုတ်သီးမှုန့်များတွင် ခွင့်မပြုဆိုးဆေးများ ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ပြီး ခံဝန်ကတိရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ခွင့်မပြုဆိုးဆေးပါဝင်သော ငရုတ်သီးမှုန့်များအား စားသုံးခြင်းမပြုရန်နှင့် ထိတွေ့မိပါက အရေပြား၊ မျက်စိ၊ နှာခေါင်းနှင့် လည်ချောင်းများကို ယားယံစေခြင်း၊ ရေရှည်စားသုံးမိပါက အသည်းနှင့်ကျောက်ကပ်ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြင်း၊ အချိန်တိုအတွင်း ပမာဏအများအပြား စားသုံးမိပါက အဆိပ်သင့်ခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ရောင်းချသူများအနေဖြင့် ထိုကဲ့သို့စားသုံးရန်မသင့်သော အစားအသောက်များကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသား အစားအသောက်ဥပဒေ ပုဒ်မ၅၈ (က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

"အုံ့ထူး" ငရုတ်သီးမှုန့်နှင့် ကုန်စုံဆိုင်မှ ထုတ်လုပ်သည့် စားသုံးရန်မသင့်သော ငရုတ်သီးမှုန့်နမူနာများစာရင်း

စဉ်	အစားအသောက် အမျိုးအစား	အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား	ပစ္စည်းနမူနာပုံများ
၁။	ငရုတ်သီးအစိမ်းမှုန့်	-	
၂။	ငရုတ်သီးခွဲခြမ်းမှုန့်	-	
၃။	ငရုတ်သီး အကြမ်းမှုန့်	-	
၄။	အစိမ်းမှုန့်	-	
၅။	ငရုတ်သီး အကျက်မှုန့်	-	
၆။	ငရုတ်သီးခွဲခြမ်းဖတ်	-	

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် သာဇီရပ်ကွက်နေ သက်ဇော်လွင် (၁)ဖိုးလုံးသည် ၎င်းအသုံးပြုသည့် "Thet Zaw Lwin" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံစက်ချုပ်သင်တန်း၊ ပန်းအလှပြင်သင်တန်းနှင့် သတင်းရေးသားထုတ်ပြန်ခြင်း၊ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း သင်တန်းဆင်းပွဲများကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဒေသခံတိုင်းရင်းသူများ သက်မွေးပညာများတတ်မြောက်ပြီး မိသားစုဝင်ငွေတိုးပွားရေးအတွက် အခြေခံစက်ချုပ်သင်တန်း၊ ပန်းအလှပြင်သင်တန်းနှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားရေးအတွက် သတင်းရေးသားထုတ်ပြန်ခြင်း၊ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်နည်းသင်တန်းဆင်းပွဲများကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုကဲ့သို့ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ယနေ့ခေတ် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ သတင်းမီဒီယာကဏ္ဍသည်လည်း အရေးပါလျက်ရှိသည့်အတွက် သတင်းရေးသားထုတ်ပြန်ခြင်း၊ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်နည်းသင်တန်းကို ဖွင့်လှစ်ပေးနိုင်ခြင်းသည်လည်း ဒေသတွင်းသတင်းများကို ပြည်သူများထံ မှန်ကန်မြန်ဆန်စွာ ရောက်ရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသူများ၏ သင်တန်းကာလအတွင်း လက်တွေ့ဆောင်ရွက်ခဲ့ကြသည့် ပန်းအလှပြင်ဆင်ထားရှိမှုများနှင့် အထည်ချုပ်လက်ရာများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အခြေခံ စက်ချုပ်သင်တန်းကို တစ်လကြာ သင်တန်းသား ၂၀ ဖြင့်လည်းကောင်း၊ ပန်းအလှပြင်သင်တန်းကို သင်တန်းသား ၃၀ တို့ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သတင်းရေးသားပေးပို့ခြင်း၊ သတင်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း သင်တန်းကို သင်တန်းသား ၁၀ ဦးတို့အား ဒေသတွင်း သတင်းစီးဆင်းမှု မြန်ဆန်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အလေးထားဆောင်ရွက်

စစ်တွေ အောက်တိုဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်စေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် အတွင်း ရွေးကောက်ပွဲ မဲစာရင်းများ မှန်ကန်ရေး၊ မြေပြင်လူဦးရေ စာရင်းများတိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က မဲစာရင်းမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တစ်ခုတည်းက ဆောင်ရွက်၍မရသည့်အတွက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး လဝက၊ ရွေးကောက်ပွဲကော်မရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည့်အတွက်ကြောင့် အားလုံး ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ virtual Online စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲအတွက် လေ့ကျင့်နေမှု ကြည့်ရှုအားပေး

တောင်ကြီး အောက်တိုဘာ ၇

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် မိုးလုံလေလုံခန်းမ၌ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာ အောင်နေမျိုးက စခန်းသွင်းလေ့ကျင့်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မွန်တိုင်းရင်းသားရိုးရာ အဖွဲ့၏လေ့ကျင့်မှု၊ အဆင့်မြင့်ပညာ အမျိုးသမီးအက လေ့ကျင့်နေမှု၊ အဆိုလေ့ကျင့်နေမှု၊ အခြေခံပညာ အသက် ၁၅ နှစ်မှအသက် ၂၀ မဟာဂီတအဆိုပြိုင်ပွဲ သီဆိုလေ့ကျင့်နေမှု၊ အခြေခံပညာ အသက် ၁၅ နှစ်မှ အသက်၂၀ စောင်းတီးခတ် လေ့ကျင့်နေမှု၊ စန္ဒရားအတီး လေ့ကျင့်နေမှု၊ ဆိုင်းအတီး လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗဟိုအဆင့်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေသူများအား လိုအပ်သည်များ မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၀-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၂၅	၂၀၇၀	၂၀၆၅	၂၀၃၅	၂၀၇၀	၂၀၉၀	၂၀၈၀	၂၀၅၅	၂၁၅၀	၂၁၆၅	၂၀၆၅	၂၀၇၀	၂၁၀၅	၂၁၀၅	၂၁၁၀	၂၃၃၀	၂၇၃၅
95 Ron	၂၀၇၅	၂၁၂၀	၂၁၂၀	၂၀၈၀	၂၁၂၀	၂၁၄၀	၂၁၂၅	၂၁၀၅	၂၂၀၀	၂၂၁၅	၂၁၁၀	၂၁၂၅	၂၁၅၅	၂၁၅၅	၂၁၆၀	၂၃၇၅	၂၈၂၀
HSD (500 ppm)	၂၈၀၅	၂၈၆၀	၂၈၅၅	၂၈၂၀	၂၈၅၅	၂၈၈၀	၂၈၇၅	၂၈၄၅	၂၉၅၅	၂၉၅၀	၂၈၅၀	၂၈၆၀	၂၈၉၅	၂၈၉၅	၂၈၉၅	၃၁၁၅	၃၄၁၅
HSD (50 ppm)	၂၈၉၀	၂၉၃၅	၂၉၃၀	၂၈၉၅	၂၉၃၀	၂၉၅၅	၂၉၅၀	၂၉၂၀	၃၀၃၀	၃၀၂၅	၂၉၂၅	၂၉၃၅	၂၉၇၀	၂၉၇၀	၂၉၇၀	၃၁၉၀	၃၄၅၀
HSD (10 ppm)	၂၈၉၀	၂၉၃၅	၂၉၃၀	၂၈၉၅	၂၉၃၀	၂၉၅၅	၂၉၅၀	၂၉၂၀	၃၀၃၀	၃၀၂၅	၂၉၂၅	၂၉၃၅	၂၉၇၀	၂၉၇၀	၂၉၇၀	၃၁၉၀	၃၄၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၂၆	၁၉၉၈
95 Ron	၁၉၇၃	၂၀၄၆
HSD (500 ppm)	၂၆၉၁	၂၇၇၄
HSD (50 ppm)	၂၇၆၂	၂၈၄၇
HSD (10 ppm)	၂၇၆၂	၂၈၄၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများတင်ဆက်မည့် "အဥ္စလီ အင်ငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် အောက်တိုဘာ ၇

အများပြည်သူ ဖျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ သီတင်းကျွတ်လပြည့်နေ့အထိမ်းအမှတ် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများဖျော်ဖြေတင်ဆက်မည့် "အဥ္စလီအင်ငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

တင်ဆက်ကြမည်

ယင်းဖျော်ဖြေမှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဦးစောမင်းနောင်ကစီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများဖြစ်ကြသည့် ခေါင်းဆောင်မင်းသမီး ယဉ်ယဉ်ဝေ၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူ၊ လင်းဇော်နိုင်နှင့် ဇင်ဝိုင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ National News အင်္ဂလိပ်ဘာသာသတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၂၃)ကြိမ်မြောက် ဂျပန်ဘာသာ စကားပြောပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

(၂၃) ကြိမ်မြောက် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကိုလာမည့် နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပဏာမရွေးချယ်ခြင်းကို အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အွန်လိုင်းဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပဏာမအဆင့်အောင်မြင်သူများသည် အသက် ၁၆ နှစ်မှ ၃၀ အတွင်းရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းနေထိုင်သည့် မြန်မာနိုင်ငံသားဖြစ်ရန်လိုအပ်သည်။ ထို့ပြင် ဂျပန်ဘာသာသင်ကြားနေသော ဆရာဆရာမ များ မဖြစ်စေရဘဲ ယခင်ကျင်းပခဲ့ဖူးသည့် ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ဆုရရှိဖူးထားသူမဖြစ်စေရဟုလည်း ထုတ်ပြန်ထားချက် အရသိရသည်။

နောက်ဆုံးထားပေးပို့လျှောက်ထားရမည်

လျှောက်ထားလိုသူများအနေဖြင့် လျှောက်လွှာများကို Google Form Link ဖြစ်သော https://docs.google.com/.../1FAIpQLSfgrdgbivb0.../ closedform တွင်ဖြည့်စွက်၍ အောက်တိုဘာ ၁၁ရက် နောက်ဆုံးထားပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ G-mail ဖြင့် ဓာတ်ပုံ (3x4 cm)(File name)နှင့် မှတ်ပုံတင် ရှေ့၊ နောက်ပုံတို့ကို JPG File ဖြင့် ပေးပို့ရမည်ဖြစ်သည်။ မိမိယှဉ်ပြိုင်မည့် Speech သည် ဂျပန်ဘာသာစာလုံးရေ ၁၀၀၀ ခန့်ပါဝင်သော Word File ပြင်ဆင်ထားပြီး သုံးမိနစ်ထက်မနည်း လေးမိနစ်ထက်မပိုသော အသံဖိုင်ကို Mp3 ဖြင့် သွင်းထားရမည်လည်းဖြစ်သည်။

ပဏာမရွေးချယ်မှုတွင် ပြိုင်ပွဲဝင်ပြောကြားမည့် အကြောင်းအရာကို ပြိုင်ပွဲအတိုင်းပြောကြားရမည်ဖြစ်ပြီး ဂျပန်ဘာသာဖြင့် အမေးအဖြေများပြုလုပ်၍ အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကာ သတ်မှတ်ချက်နှင့်ကိုက်ညီသော လျှောက်ထားသူများသည် ပဏာမရွေးချယ်မှုတွင် ယှဉ်ပြိုင်ခွင့်ရရှိမည်လည်းဖြစ်သည်။ ဂျပန်ဘာသာစကားပြောပြိုင်ပွဲ ပဏာမအဆင့်ရွေးချယ်မှုရလဒ်များကို ပြိုင်ပွဲဝင်များထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး ပဏာမအဆင့်အောင်မြင်သူများသည် နိုဝင်ဘာ ၁၂ ရက်တွင် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

စိုးမြင့်အောင်

စာအုပ်ဖြန့်ချိရောင်းချ

နေပြည်တော် အောက်တိုဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာရေးဆရာ လွင်မြန်မာ(မန်းတက္ကသိုလ်)၏ **"ပအိုဝ်းရိုးရာဒုံးလွှတ်ခြင်းဓလေ့နှင့် ဗမာဒုံးချင်းကဗျာများ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်စု ဆင်းသက်လာပုံ၊ ဒုံးဝေါဟာရအဓိပ္ပာယ်၊ ဒုံးသမိုင်း ဒုံးလွှတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဒုံးအသေး၊ ဒုံးအကြီးပြုလုပ်ပုံ အဆင့်ဆင့်၊ ယမ်းပြုလုပ်ပုံ၊ ရောစပ်ပုံ၊ ယမ်းထည့်သွင်းပုံ၊ နောက်ပိတ်ကို မြေကြီးဖြင့်ပိတ်ပေးရပုံ၊ ယမ်းထောင်းဆုံနှင့် မီးရိုက်စင်ပြုလုပ်ပုံ၊ ပွဲတံပြုလုပ်တပ်ဆင်ပုံ၊ လွှတ်ကွင်းပြုလုပ်ပုံနှင့် ပူဇော်ပသပုံ၊ လွှတ်စင်ပြုလုပ်ပုံ၊ ပြိုင်ပွဲလောင်းကြေးတင်ရပုံ၊ ဆုငွေရရှိပုံ စသည်တို့အပြင် ပအိုဝ်းတိုင်းရင်းသားတို့၏ ဒုံးလွှတ်ရာတွင် သီဆိုသောသီချင်းများ၊ ဗမာဒုံးသမိုင်းကြောင်း၊ ဗမာလူမျိုးတို့ ဒုံးလွှတ်ခြင်း၊ သီဆိုကခုန်ကြပုံနှင့် ဓနု၊ ယင်းနက်တို့၏ ရိုးရာဒုံးလွှတ်ခြင်းဓလေ့များကိုပါ ပြည့်ပြည့်စုံစုံ သုတေသနပြုရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၅၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၄၇၃)၊ ၀၁-၈၃၀၃၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၄၇၃၁၊ ၀၁-၈၃၀၃၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဒိုက်ဦးမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

ဒိုက်ဦး အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအသိပညာပေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့မစျေးကြီးရှေ့၊ မီးသတ်ဦးစီးဌာနနှင့် ဒရယ်မီးလမ်းဆုံတို့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ NGOများ၊ စျေးအကျိုးတော်ဆောင်အဖွဲ့များက စျေးရောင်းချသူများ၊ စျေးသွားစျေးလာများအား နှာခေါင်းစည်း အခုရေ ၁၀၀၀၊ လက်ကမ်းစာစောင် ၁၀၀၀ တို့ ဝေငှပြီး ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်နိုင်ရေးအတွက် နေအိမ်ပြင်ပသို့သွားလာပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လက်ကို မကြာခဏ ဆေးကြောရန်၊ လူစုလူဝေးရှောင်ရှားရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ရန်တို့ကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ မြို့နယ်ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ယာဉ်စည်းကမ်းလမ်းစည်းကမ်းစစ်ဆေးကြပ်မတ်ခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျော်ကျော်(ဒိုက်ဦး)

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် အောက်တိုဘာ ၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၁၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၅၄၀၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၀၄၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလျှက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ပူတာအိုမြို့နှင့် မိုးညှင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့နှင့် ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ စျေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မအူပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေး

မအူပင် အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီမှစ၍ အမှတ် (၅)ရပ်ကွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် တတိယအကြိမ်နှင့်စတုတ္ထအကြိမ် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

အဆိုပါဆေးထိုးနှံပေးရာသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက လာရောက်ထိုးနှံခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ် ဥဿျစ်ပင်မြို့ ရတနာပုံရပ်ကွက်၌ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံ

ပန်းတောင်း အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီး ခြောက်လပြည့်သူများကို ယနေ့ နံနက် ၉ နာရီက ပန်းတောင်းမြို့နယ် ဥဿျစ်ပင်မြို့ ရတနာပုံရပ်ကွက်၌

ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးကြပ်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးလာရောက်ထိုးနှံသူများကို စာရင်းပြုစုပြီး ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းစသည့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများကိုသာ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ စနစ်တကျထိုးနှံပေးခဲ့သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ပြည်သူများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

သင်းသင်းအေး(ပြန်/ဆက်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာစျေးမှ စျေးသည်များအား ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေး

ကျောက်တံခါး အောက်တိုဘာ ၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် စည်ပင်သာယာစျေးအတွင်းရှိ စျေးသည်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့က တောကျွဲအင်း စည်ပင်သာယာစျေးရုံးခန်းမ၌ ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာအဖွဲ့မှဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

ဟားခါး အောက်တိုဘာ ၇

ချင်းပြည်နယ် ဟားခါးမြို့တွင် ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရှိန်အဟုန်မပျက် ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ သတ်မှတ်ထားသည့် ဆေးထိုးစုရပ်များတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုလုပ်မီ ဆေးထိုးမှတ်တမ်းများတွင် စာရင်းများ ရေးသွင်းပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးပါက သတ်မှတ်ထားသည့်နေရာတွင် မိနစ် ၃၀ ကြာ စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

မောင်ထွန်းတောက်(ပြန်/ဆက်)

မိခင်ကျေးဇူးဘယ်မမေ့ အဘိဓမ္မာအခါတော်နေ့

ပြေအေးသက်

မိဘကျေးဇူးကို ဆပ်လိုကြသည်မှာ သားသမီးတို့၏ ကောင်းမြတ်သော အစဉ်အလာတစ်ခုပင်ဖြစ်သည်ဟု ဆိုရချေမည်။ ကျေးဇူးဆပ်ခြင်းသည် သားသမီးတို့၏တာဝန်လား၊ဝတ္တရားလားဟု အမေးရှိလျှင် အဖြေမှာနှစ်ခုစလုံးဟု ဆိုရချိမ့်မည်။ ဘယ်လိုကျေးဇူးဆပ်ရင်ကောင်းမလဲဟု ထပ်ဆင့်အမေးရှိလျှင် အဖြေကတော့ လေ့လာထားမိသည်များမှ ထုတ်နုတ်ပြရမည်ဆိုလျှင် ခြောက်နည်းရှိသည်ဟု ဆိုရပေမည်။ ထိုနည်းများမှာ အစားအစာကျွေး၍ ကျေးဇူးဆပ်နည်း၊ ဥစ္စာပေး၍ ကျေးဇူးဆပ်နည်း၊ ဝေယျာဝစ္စပြု၍ ကျေးဇူးဆပ်နည်း၊ ကုသိုလ်ပြု၍ ကျေးဇူးဆပ်နည်း၊ တရားအားထုတ်စေ၍ ကျေးဇူးဆပ်နည်းနှင့် အမျှပေးဝေ၍ ကျေးဇူးဆပ်နည်းတို့ဖြစ်သည်ဟု ဆိုရပေမည်။

မြတ်စွာဘုရားရှင်အနေဖြင့် ကျေးဇူးရှင်မိခင်ကြီးကို တရားအားထုတ်စေ၍ ကျေးဇူးဆပ်နည်းဖြင့် ကျေးဇူးဆပ်လိုတော်မူသောကြောင့်(၇)ဝါအရောက်သက်တော် ၄၂ နှစ်၊ မဟာသက္ကရာဇ် ၁၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ သာဝတ္ထိပြည်အနီး ကောသလမင်း၏ ဥယျာဉ်မှူးကဏ္ဍသည် ဘုရားရှင်မိန့်ကြားချက်အတိုင်း စိုက်ပျိုးအပ်သော ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကိုနှိမ်နင်းပြီး ရေမီးအစုံ တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြတော်မူသည်။ ထိုပွဲအပြီးတွင် မယ်တော်ဟောင်းနတ်သားအား အဘိဓမ္မာဒေသနာဖြင့် ကျေးဇူးဆပ်ရန် ခြေလှမ်းနှစ်လှမ်းဖြင့်သာ တာဝတိ်သာနတ်ပြည်သို့ ကြွသွားတော်မူသည်။

မိခင်ကျေးဇူး အထူးဆပ်တာ

ထူးမြတ်သောနေ့ မြတ်ဗုဒ္ဓဖြစ်တော်စဉ်တွင် မြတ်စွာဘုရားရှင်သည် မကုလတောင်၌ ဆင္ဆမ ဝါဆိုတော်မူသည်။ ထို့နောက် သတ္တမဝါကိုကား တာဝတိ်သာနတ်ပြည်သို့ ကြွရောက်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထား၍ လောကဓာတ်တစ်သောင်းမှ စည်းဝေးရောက်ရှိလာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူသည်။ မြတ်စွာဘုရားရှင်၏ တရားဟောကြားပြသမှုကြောင့် မယ်တော်မိနတ်သားသည် အပါယ်တံခါးပိတ်ရာ အရိယာအဖြစ်သို့ ကျွတ်တမ်းဝင်ခဲ့သည့်အတွက် ဘုရားရှင်သည် မိဘကျေးဇူးကို အကျေဆပ်နိုင်ခဲ့သည့် အချိန်ကာလတစ်ခုလည်းဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတွင် သုတ္တန်ထက် ထူးခြားဆန်းပြားသည့် ဒေသနာတော်ဖြစ်ခြင်းကြောင့် အဘိဓမ္မာဟု ခေါ်ဆိုခြင်းဖြစ်သည်။ တရားရှိသမျှကို အကြွင်းမဲ့ဝေဖန်ဟောကြားတော်မူသောကြောင့် လွန်ကဲထူးခြားသည့် ဒေသနာတော်မျိုးဖြစ်သည်။ ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြားတော်မူနေစဉ်အတွင်း ဆွမ်းခံချိန်ရောက်တိုင်း နိဗ္ဗိတဘုရားတစ်ဆူကို ဖန်ဆင်း၍ ထားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် တာဝတိ်သာနတ်ပြည်၌ လူတို့၏ အချိန်ကာလအားဖြင့် ဝါတွင်းသုံးလပတ်လုံး နတ်ဗြဟ္မာအပေါင်းတို့ကို ကိုယ်တော်တိုင်သည်လည်းကောင်း၊ နိဗ္ဗိတရုပ်ပွားတော်သည်လည်းကောင်း အကျယ်ဝိတ္ထာရဟောနည်းဖြင့် ဟောကြားတော်မူခဲ့သည်။

မြတ်စွာဘုရားရှင် ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံကြွတော်မူပြီး အနောတတ်အိုင်သို့ပြန်ကြွကာ ဆွမ်းဘုဉ်းပေးပြီးသော် စန္ဒကူးတောသို့ဝင်၍ နေ့စဉ်ရှင်သာရိပုတ္တရာမထေရ်သည် လျင်မြန်စွာလာ၍ ဝတ်ကြီး ဝတ်ငယ်အသွယ်သွယ်ကို ပြုစုတော်မူသည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် “ချစ်သားသာရိပုတ္တရာ၊ ငါဘုရားသည် ယနေ့ကား ဤမျှလောက်သောတရားကို နတ်ဗြဟ္မာတို့အား ဟောကြားခဲ့သတည်း”ဟု အကျဉ်းသခေ်ပ ဟောနည်းဖြင့် မိန့်ကြားနည်းပေးတော်မူသည်။ အရှင်သာရိပုတ္တရာမထေရ်လည်း မဟာပညာတိက္ခ ပုဂ္ဂိုလ်ဖြစ်၍ အဘိဓမ္မာတရားကို အကျယ်အားဖြင့် မြင်တော်မူသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်လည်း မြတ်စွာဘုရားရှင်ထံမှ သင်ခဲ့ရသည့် အဘိဓမ္မာ ကထာမဂ္ဂ တို့ကို မဏ္ဍိမဒေသသို့ဆောင်လာပြီး မိမိ၏တပည့် ရဟန်းငါးရာအား မကျဉ်းမကျယ် နာတိဝိတ္ထာရ နာတိ သခေ်ပဟောနည်းဖြင့် ဟောကြားခဲ့သည်။ အဘိဓမ္မာဒေသနာသည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ဟောကြားတော်မူသော တာဝတိ်သာနတ်ပြည်၊ မြတ်စွာဘုရားရှင်က ရှင်သာရိပုတ္တရာမထေရ်ကို ဟောကြားတော်မူသော စန္ဒကူးတော၊ အရှင်သာရိပုတ္တရာမထေရ်က ရဟန်းငါးရာကို ဟောကြားတော်မူသော မဏ္ဍိမဒေသ လူပြည်တို့သည် ဝါတွင်းကာလတွင် ဟောကြားခဲ့ကြပြီး ဟောကြားမှုပြီးဆုံးသောနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။

အဘိဓမ္မာဆိုသည်မှာ

ဗုဒ္ဓဘုရားရှင်၏ တရားတော်တို့ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိုင်းခြားထားသည်။ ယင်းတို့ကို ပိဋကတ်သုံးပုံဟူ၍ ခေါ်သည်။ အဆိုပါ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာတရားသည် သုတ္တန်တရားတို့ထက်သာလွန်ထူးခြားသည်။ နက်နဲခက်ခဲသည်။ ထို့ကြောင့် အဘိဓမ္မာဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ အဘိဓမ္မာတွင် ဓမ္မ၊ ဝိ၊ ဓာ၊ လ၊ က၊ ယ၊ ပဋ္ဌာန်း ခုနစ်ကျမ်းဆိုပြီးရှိသည်။ ၎င်းတို့မှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတု ကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်းပါရှိသည်။ ဘုရားရှင်သည် အဘိဓမ္မာကို နတ်ဗြဟ္မာတို့အား အကျယ်နည်းဖြင့် ဟောကြား၍ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းအားဖြင့် ဟောကြားသည်။ အရှင်သာရိပုတ္တရာက လင်းနို့သားများ ဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ဟောကြားတော်မူသည်။

ရုပ်နှင့်နာမ်များ သဘာဝတရားကို ပိုင်းခြားခွဲဝေ၍ ရှင်းရှင်းသိမြင်စေသောကျမ်းကို ဓမ္မသင်္ဂဏီကျမ်းဟု ခေါ်သည်။ ခန္ဓာ စသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြု၍ အကျယ်ဝေဖန် ဟောကြားသောကျမ်းကို ဝိဘင်းကျမ်းဟု ခေါ်ပါသည်။ ဓာတ်အမျိုးမျိုး ဟောကြားသောကျမ်းကို ဓာတုကထာကျမ်းဟု ခေါ်ပါသည်။ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသောကျမ်းကို ပုဂ္ဂလပညတ်ကျမ်းဟု ခေါ်ပါသည်။ အယူဝါဒနှင့်ဆိုင်သောစကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာ အနှစ်သာရတို့နှင့် ပြည့်စုံသောကျမ်းကို ကထာဝတ္ထုကျမ်းဟု ခေါ်ပါသည်။ အနုလုံနှင့် ပဋ္ဌိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္ဓိဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသောကျမ်းကို ယမိုက်ကျမ်းဟု ခေါ်ပါသည်။ အကြောင်းအမျိုးမျိုးကို ဟောတော်မူသောကျမ်း၊ ကုသိုလ် စသောတရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့် ဝေဖန်အပ်သောကျမ်း၊ သဗ္ဗညုတညာဏ်တော်၏ ကျက်စားရာဖြစ်သော ကျမ်းကို ပဋ္ဌာန်းကျမ်းဟုခေါ်ပါသည်။

အဘိဓမ္မာတရားသည် အမေ့ကျေးဇူးဆပ်တရားဖြစ်ခြင်း

နတ်ပြည်၌ ဟောကြားခြင်း၊ သုံးလကြာမျှ ဟောကြားခြင်း၊ ပကတိဘုရားနှင့် နိဗ္ဗိတဘုရားတို့ တစ်လှည့်စီ ဟောကြားခြင်းတည်းဟူသော ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပေသည်။ ထိုမျှမက အဘိဓမ္မာတရားသည် ပါဠိ၏ နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်းဟူသောနက်နဲခြင်းနှင့် ပြည့်စုံပေသည်။ ထို့ကြောင့် ကမ္မဿသာသနာပြု ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမကျော် ဆရာတော်ကြီး အရှင်သေဋ္ဌလက အဘိဓမ္မာတရားတော်သည် စိတ်အကြောင်းအရာ ပညာ၊ သူတော်ကောင်းကျင့်စဉ်ပညာ၊ ကြောင်းကျိုးမြင်ပညာဟူသော ပညာသုံးရပ်ပါဝင်သဖြင့် ရိုးရိုးစိတ်ပညာ (Psychology)၊ ရိုးရိုးကျင့်စဉ်ပညာ (Ethics)၊ ရိုးရိုးကြောင်းကျိုးမြင်ပညာ (ဒဿနိကဗေဒ) (Philosophy) တို့ထက် သာလွန်ပေသည်ဟူ၍ ဆိုထားပေသည်။

ကျေးဇူးဆပ်ပွဲမှ အပြန်ခရီး

သဗ္ဗညုမြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ဝါတွင်းသုံးလ ဟောကြားတော်မူရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးသောကြောင့် လူတို့နေရာ သင်္ဃနဂိုရ်ပြည်သို့ ပြန်လည်သက်ဆင်းတော်မူပါသည်။ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာ၌ နတ်ပရိသတ်များက လက်ယာဘက်ရွှေစောင်းတန်း၊ ဗြဟ္မာပရိသတ်များက လက်ဝဲဘက်ငွေစောင်းတန်း၊ မြတ်စွာဘုရားရှင်က အလယ်ပတ္တမြားစောင်းတန်းမှ သက်ဆင်းတော်မူပါသည်။ မာတလိနတ်သားက မြတ်စွာဘုရားအနီး လက်ဝဲဘက်တော်မှ ခစားလိုက်ပါပြီး ပဋ္ဌသီခနတ်သားက ဗေဠုဝခေါ် နတ်စောင်းတီးပူဇော်ရင်း လက်ယာဘက်တော်မှ လိုက်ပါပို့ဆောင်ပါသည်။ မဟာဗြဟ္မာကြီးက ဘုရားနောက်တော်မှ ထီးမိုးလိုက်ပါပြီး သုယာမနတ်သားက သားမြီးယပ်ခတ်၍ လိုက်ပါလာပါသည်။

ထိုအခါ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းညှိကာ မြတ်စွာဘုရားရှင်အား ကြိုဆိုကြလေသည်။ ဤသီတင်းကျွတ်လတွင် သင်္ဃနဂိုရ်မှ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း ထိုအချိန်ကာလမှစ၍ နှစ်ပေါင်းထောင်ချီ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် သီတင်းကျွတ်ကာလတွင် မီးထွန်းပွဲတော်ကျင်းပကြသည်။ တာဝတိ်သာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ် သတ်မှတ်ကာ ပူဇော်ကြလေသည်။

“ ဗုဒ္ဓဘုရားရှင်၏ တရားတော်တို့ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိုင်းခြားထားသည်။ ယင်းတို့ကို ပိဋကတ်သုံးပုံဟူ၍ ခေါ်သည်။ အဆိုပါ ပိဋကတ်သုံးပုံတွင် အဘိဓမ္မာတရားသည် သုတ္တန်တရားတို့ထက်သာလွန်ထူးခြားသည်။ နက်နဲခက်ခဲသည်။ ထို့ကြောင့် အဘိဓမ္မာဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ အဘိဓမ္မာတွင်ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတု ကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်းပါရှိသည်။ ဘုရားရှင်သည် အဘိဓမ္မာကို နတ်ဗြဟ္မာတို့အား အကျယ်နည်းဖြင့် ဟောကြား၍ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းအားဖြင့် ဟောကြားသည်။ အရှင်သာရိပုတ္တရာက လင်းနို့သားများ ဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့်ဟောကြား ”

စာမျက်နှာ ၁၉ သို့ *

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စေတနာရှင် အလှူရှင်များက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်-၂၂၈ ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွှန့်ဆွေက မြန်မာနိုင်ငံတွင် ရှင်သန်အောင်မြင်နေသော စာကြည့်တိုက် ၆၀၀၀ ကျော်စာရင်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် စာအုပ်များ နှစ်စဉ်ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ ယခုအလှူရှင်များလှူဒါန်းသည့် စာအုပ်များကိုလည်း စာကြည့်တိုက်များသို့ ပေးပို့ခဲ့ပါကြောင်း၊ ယခုအခါကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် မိမိတို့ဖောင်ဒေးရှင်းအနေဖြင့် စာကြည့်တိုက်များတိုးပွားရေး စာအုပ်စာစောင်များပေးပို့ရေးတို့ကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များ တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

အလှူရှင် စာရေးဆရာတက္ကသိုလ်စိုးယဉ်က စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုပြောကြားသည်။ ယင်းနောက် အလှူရှင်စာရေးဆရာ မောင်မောင်ညွန့်လှိုင်က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲပြုလုပ်ရာ စာရေးဆရာ တက္ကသိုလ်စိုးယဉ်က "လူမျိုးမရွေး လိုက်နာစောင့်ထိန်းသင့်သော လောကပါလတရား" စာအုပ် အုပ်ရေ ၅၀၀ တန်ဖိုးငါးသိန်း လှူဒါန်းခြင်းနှင့် စာရေးသူမောင်မောင်ညွန့်လှိုင် ရေးသားသည့် "ကျွန်မစာတတ်ချင်သည်" စာအုပ် ၄၀၊ "MBA Culture" နှင့် "တိတ်တခိုးအချစ်" စာအုပ် ၃၅ အုပ်၊ ဖားမင်းသားလေးပုံပြင် စာအုပ် ၁၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၈၇၅၀၀ လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌဦးညွှန့်ဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာတွင် သေဆုံး၊ ဒဏ်ရာရသည့် ဇာတ်အဖွဲ့သားများအား မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ ထောက်ပံ့ကူညီမည်

ရန်ကုန် အောက်တိုဘာ ၇

မွန်ပြည်နယ်မှ ပွင့်နေခြည် ဇာတ်အဖွဲ့သူ အဖွဲ့သားများ စီးနင်းလိုက်ပါသည့် ယာဉ်သည် အောက်တိုဘာ ၅ ရက် ညနေ ၅ နာရီတွင် မြဝတီ-ကော့ကရိတ် အသွား အာရှလမ်းမကြီးရှိ ကွမ်းခြံကုန်းကွေ့၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပို့ဆောင်ပေး

အခင်းဖြစ်ပွားရာ နေရာသို့ မြဝတီခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ညီနောင်နယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက် ဆောင်ရွက်ခဲ့ကြပြီး သေဆုံးနှင့် ဒဏ်ရာရရှိကြသူများအား မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း(မြဝတီ) လူနာတင်ယာဉ်များဖြင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ဦးနေဝင်းက "ယာဉ်တိမ်းမှောက်မှုကြောင့် အနုပညာရှင် စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး၂၃ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါတယ်။ ဒဏ်ရာရ လူနာတွေကို အောက်တိုဘာ ၆ ရက်မှာ မော်လမြိုင် ပြည်သူ့ဆေးရုံကြီးကို ပြောင်းရွှေ့ပြီး ဆေးကုသမှုခံယူလျက်ရှိပါတယ်။ သေဆုံးသူတွေကို ဒီနေ့ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ သေဆုံးထိခိုက်ဒဏ်ရာရသူတွေကို ငွေကြေးထောက်ပံ့ကူညီပေးသွားပါ့မယ်။ အလှူရှင်တွေရဲ့ လှူဒါန်းငွေတွေကိုလည်း ပေးပို့သွားပါ့မယ်"ဟု ပြောသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားစဉ်က အခင်းဖြစ်ပွားရာ နေရာသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့မှ သဘင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက သွားရောက်ကူညီခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်အသင်း နိုင်ပွဲပြန်ရ

ရန်ကုန် အောက်တိုဘာ ၇

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ်(၁၀)ပထမနေ့ကို အောက်တိုဘာ ၇ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆက်လက်ဖိအားပေးနိုင်ခဲ့

ဒုတိယနေရာတွင် ရပ်တည်နေသည့် တက္ကသိုလ်အသင်းသည် အဆင့် ၄ နေရာမှ ကချင်ယူနိုက်တက်ကို အနိုင်ယူပြီး ဇယားထိပ်ပိုင်းမှ ဒဂုံစတားယူနိုက်တက်ကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ယခုရှုံးပွဲကြောင့် ထိပ်ဆုံးနှစ်သင်းစာရင်းဝင်ရန် ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

ယခုပွဲအပြီးတွင် တက္ကသိုလ်အသင်းက ကိုးပွဲကစား ရမှတ် ၁၈ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ကိုးပွဲကစား ရမှတ် ၁၂ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၀)ဒုတိယနေ့အဖြစ် အောက်တိုဘာ ၈ ရက်တွင် ယောမြေအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

❍ ကျောဖိုးမှ

အာဆင်နယ်အသင်းဟာ ဘိုဒိုအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံလေးပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ပြီး ပရီမီယာလီဂ်အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်ထားနိုင်ခဲ့တဲ့အသင်းဖြစ်သလို ယူရိုပါလီဂ်ပြိုင်ပွဲရဲ့ အုပ်စုအဆင့်မှာလည်း အုပ်စုထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ယူရိုပါလီဂ်ပြိုင်ပွဲမှာ အုပ်စု(A)ရဲ့ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ ပီအက်စ်ဗွီ အသင်းတို့ဟာ အောက်တိုဘာ ၂၀ ရက်မှာ ထိပ်တိုက်တွေ့ဆုံရတော့မှာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ အိုမိုနီးယားနီကိုးရှားအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်း တိုက်စစ်မှူး ရက်ရ်ဖို့ဒ်ကတော့ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဥရောပပြိုင်ပွဲတွေမှာ သွင်းဂိုး ၂၁ ဂိုးအထိရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အုပ်စု (E)မှာ သုံးပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယားထိပ်က ရီးယဲလ်ဆိုစီဒက်အသင်းအောက် အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ်

*** စာမျက်နှာ ၁၈ မှ**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ပေါ်ပေါက်လာ

ထိုသို့ ရှင်တော်မြတ်ဘုရားသည် အမြတ်ဆုံးဒေသနာ အဘိဓမ္မာတရားတော်ကို တာဝတိံသာနတ်ပြည်၌ ရှေ့ဘဝမယ်တော်ဖြစ်ခဲ့သော သန္တုသိတ အမည်ရှိ နတ်သားအမှူးရှိသည့် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား ခုနှစ်ဝါမြောက်ဝါတွင်းကာလ သုံးလကြာဟောကြားခဲ့ရာ ပြီးဆုံးခဲ့သော အထိမ်းအမှတ်အဖြစ် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ၁၃၁၁ ခုနှစ်(၁၉၄၉ခုနှစ်) မှစပြီး သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ်ကျင်းပရန် စတင်ဆုံးဖြတ်ခဲ့သည်။ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ သာသနာပြန့်ပွားတည်တံ့ရေးလုပ်ငန်းရပ်များတွင် အခြေခံကျသော လုပ်ငန်းတစ်ရပ်ဖြစ်သည့် အဘိဓမ္မာအခါတော်နေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့၊ ရွာ၊ ကျေးလက်မကျန် အဘိဓမ္မာ အသင်းအဖွဲ့ခွဲများ ဖွဲ့စည်းကြပြီး ကျင်းပစေခြင်းဖြစ်သည်။

၁၃၂၄ ခုနှစ် (၁၉၆၂ ခုနှစ်) မှ စတင်၍ အသင်းခွဲများ ဖွဲ့စည်းခွင့်ပြုခဲ့ရာ ထိုနှစ်တွင် အသင်းခွဲ လေးသင်း ပေါ်ပေါက်ခဲ့သည်။ တစ်ဖန် ၁၃၂၅ ခုနှစ် (၁၉၆၃ ခုနှစ်) မှစတင်၍ အသင်းအဖွဲ့ခွဲများကို စည်းကမ်းတကျ တညီတညွတ်တည်းဖြစ်စေရန် တိုးချဲ့ဖွဲ့စည်းခဲ့ရာ ၁၃၂၃ ခုနှစ် (၁၉၆၁ ခုနှစ်) ၂၅ နှစ်မြောက် ငွေရတုကာလအတွင်း အသင်းခွဲပေါင်း ၆၉ သင်း တိုးတက်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၃၅၈ ခုနှစ် (၁၉၉၆ ခုနှစ်) နှစ်ငါးဆယ်မြောက် ရွှေရတုကာလရောက်သောအခါ အဘိဓမ္မာအသင်းခွဲပေါင်း ၁၉၀၈ သင်းအထိ တိုးတက်ခဲ့သည်။

ယခုအခါ အသင်းကြီး၏ အဓိကရည်ရွယ်ချက်နှင့်အညီ ပရိယတ္တိသာသနာကြီး စတင်ကွယ်ပျောက်သည့်အခါ ကနဦး ကွယ်ပျောက်မည့် အဘိဓမ္မာဒေသနာတော်မြတ်ကြီး မကွယ်မပဘဲ အရှည်ခံ၍ တည်တံ့ထွန်းကား စည်ပင်ပြန့်ပွားရေးကို အလေးဂရုပြု၍ ရှေးရှုကြိုးပမ်းလျက်ရှိသည့်အလျောက် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ မိသားစုအသင်းခွဲပေါင်း ၃၁၀၀ ကျော်အထိ တိုးပွားလာခဲ့သည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း အဘိဓမ္မာအခါတော်နေ့ ပူဇာမဂ်လာအခမ်းအနားကို ရန်ကုန်မြို့တွင် သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည်မှာ (၆၃) ကြိမ်တိုင် ရောက်ရှိလာခဲ့ပြီးဖြစ်သည်။

အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ သာသနာတော်ကြီး တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများတွင် သာသနာတော်ကြီးတစ်ရပ်လုံး၏ ကျက်သရေကို ဆောင်စေသည့် အထင်ရှားဆုံးသော ဆောင်ရွက်ချက်များ အနက် တစ်ဆင့်ထက်တစ်ဆင့် တစ်နှစ်ထက် တစ်နှစ် တိုးလျက်တိုးလျက် အောင်မြင်မှုရရှိနေသော ဆောင်ရွက်ချက်တစ်ရပ်မှာ "အဘိဓမ္မာ အခါတော်နေ့" ကျင်းပပူဇော်နိုင်ခြင်းပင် ဖြစ်ပါသည်။

အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ သင်ကြားနာယူခြင်းကြောင့် လင်းနို့သားများဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒ ဉာဏ် ရင့်သန်စေနိုင်သည်။ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်း ရနိုင်သည်။ ဘေးအန္တရာယ်တို့ ကင်းဝေးစေနိုင်သည်။ ထို့ပြင် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်သည်ဟူ၍ အကျိုးတရားများရရှိနိုင်သည်ဟု ရေးသားဖော်ပြမှုများရှိနေပေသည်။ မည်သို့ဆိုစေကာမူ ဗုဒ္ဓနှင့် တရားတော်များနာယူကျင့်ကြံ အားထုတ်သူများအနေဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားတတ်သူများဖြစ်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ ပူဇော်ရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

Grade 6

ယခင်အပတ်က Unit 4 Lesson: 3 Talking about habits and routines သင်ခန်းစာပါ adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)အကြောင်းကို ဖော်ပြသွားခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4 Lesson: 4 What we like and dislike အကြောင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။

Unit 4 Lesson: 4 What we like and dislike (ကြိုက်နှစ်သက်တဲ့ အရာနှင့် မကြိုက်နှစ်သက်တဲ့အရာ)

- Hobbies and free time activities (ဝါသနာနှင့် အားလပ်ချိန်လုပ်ဆောင်ချက်များ)
- Different kinds of food and drink (စားသောက်ဖွယ်ရာမျိုးစုံ)

(1) Look at the pictures and write down the hobbies you like and dislike.(ပေးထားသောပုံများကိုကြည့်ပြီး ကြိုက်နှစ်သက်သည့် ဝါသနာများနှင့် မကြိုက်နှစ်သက်သည့် ဝါသနာများကိုရေးပါ။)

e.g. I like fishing.

e.g. I dislike dancing.

1. Cycling _____
2. Dancing _____
3. Swimming _____
4. Weightlifting _____
5. Playing baskedball _____
6.  Playing the flute _____

(2) Look at the photos above and tell your friend the hobbies you like or dislike using like, love, dislike and hate.

e.g. I like walking. I dislike running.

e.g. I love doing yoga. I hate flying a kite.

1. _____
2. _____
3. _____

(3) In column A, write 5 sentences about your hobbies. In Column B, write 5 sentences about how often you do these hobbies. (ကော်လံ အောင်ရ ဝါသနာများကိုရေးပါ။ ကော်လံဘီတွင် ဝါသနာများကို ဘယ်နှကြိမ်လုပ်ဆောင်သလဲဆိုတာရေးပါ။)

Column A	Column B
e.g. I like playing football.	e.g. I sometimes play football.
1. _____	1. _____
2. _____	2. _____
3. _____	3. _____
4. _____	4. _____
5. _____	5. _____

(4) Look at the pictures. Write 5 sentences about the food and drinks you and your family members like and dislike. (ပုံများကိုကြည့်ပြီး သင်နှင့် သင့်မိသားစုဝင်များ၏ ကြိုက်နှစ်သက်သည့် စားသောက်ဖွယ်ရာနှင့် မကြိုက်နှစ်သက်သည့် စားသောက်ဖွယ်ရာများကိုရေးပါ။)

1. Strawberry
2. Durian
3. Pineapple
4. Maize
5. Jackfruit
6. Watermelon
7. Milk
8. Chicken
9. Mutton
10. Fish

e.g. I love strawberry and maize but I don't like pineapple.

My mother loves durians but she dislikes jackfruits.

1. _____
2. _____
3. _____
4. _____
5. _____

(ဆက်လက်ဖော်ပြပါမည်)

Grade 7

ယခင်အပတ်က Unit 3 Lesson: 2 Accessories you usually go for အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Lesson 3 : The most expensive jeans သင်ခန်းစာအကြောင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။

LESSON 3: THE MOST EXPENSIVE JEANS ဈေးအကြီးဆုံး ဂျင်းဝတ်စုံများ

*** the use of a lot, many, much, a few and a little**

*** superlative adjectives**

A lot of, many, much, a few and a little

A lot of =များပြားသော(အရေအတွက်ကိုရော ပမာဏတွင်ပါ သုံးသည်)

many =များပြားသော (အရေအတွက်တွင်သာ သုံးသည်)

much =များပြားသော(ပမာဏတွင်သာ သုံးသည်)

a few = အနည်းငယ် (အရေအတွက်တွင်သာ သုံးသည်)

a little = အနည်းငယ် (ပမာဏတွင်သာ သုံးသည်)

(A) Decide whether you have to use "much" or "many".

e.g. not ……. eggs

not many eggs

1. too _____ tea
2. not _____ milk
3. too _____ grass
4. not _____clothes
5. too _____ tea bags
6. not _____ jugs of milk
7. too _____ books
8. not _____ cars
9. too _____ apples
10. too _____ pollution
11. too _____ paper
12. not _____ traffic
13. too _____ roads
14. not _____ jokes
15. not _____ apple juice

Ans: *1.much 2. much 3. much 4. many 5. many 6. many 7. many 8. many 9. many 10. much 11. much 12. much 13. many 14. many 15. much*

(B) Decide whether you have to use "much" or "many".

1. There is too _____ water in the bath tub.
2. How _____ brothers and sisters has she got?
3. I don't receive _____ letters nowadays.
4. How _____ rice do you eat per week?
5. I put too _____ salt in the soup.
6. How _____ people were at the party?
7. It doesn't make _____ sense.
8. There wasn't _____ traffic on the motorway.
9. My grandfather does not have _____ hair, anymore.
10. How _____ plates do we need?

Ans: *1. much 2. many 3. many 4. much 5. much 6. many 7. much 8. much 9. much 10. many*

(C) Decide whether you have to use "much" or "many".

1. She hasn't got _____ time.
2. Do you know _____ words in English?
3. He didn't eat _____ meat.
4. There isn't _____ butter in the fridge.
5. How _____ eggs did the hens lay?
6. U Hla has as _____ money as U Mya.
7. How _____ lessons do you have on Mondays?
8. There was too _____ noise in the streets.
9. I cannot see _____ stars in the sky tonight.
10. Do you have _____ friends abroad?

Ans: *1.much 2. many 3. much 4. much 5. many 6. much 7. many 8. much 9. much 10. many*

(D) Decide whether you have to use "a little" or "a few".

1. We had _____ snow last winter.
2. _____ people were interested in the exhibition.
3. I speak _____ French.
4. There are _____ students in the classroom.
5. She has _____ relatives.
6. There is _____ water in the pond.
7. The professor spends _____ time playing tennis on Sundays.
8. We have _____ knowledge of this area.
9. There are _____ mushrooms in my mushroom soup.
10. _____ animals can survive in the desert.

Ans: *1.a little 2. a few 3. a little 4. a few 5. a few 6. a little 7. a little 8. a little 9. a few 10. A few*

Superlative adjectives (အမြတ်စား နာမဝိသေသနများ)

နာမဝိသေသနများကို ဂုဏ်ရည်အချင်းချင်း နှိုင်းယှဉ်သည့်အခါ အသာလွန်ဆုံးဖြစ်ကြောင်း ဖော်ပြရာတွင် အမြတ်စားနာမဝိသေသနကို သုံးသည်။ အမြတ်စားနာမဝိသေသနများ၏ ရှေ့တွင် the ကို ထည့်သွင်းရေးသားရသည်။

နာမဝိသေသနတစ်လုံးကို အနိမ့်စား(Positive Degree)မှ အမြတ်စား (Superlative Degree)သို့ ပြောင်းလဲရေးသားပါက 'est' သို့မဟုတ် the most/the least တို့ကို ထည့်သွင်းရေးသားရသည်။

(A) Choose the correct word. Then write out each sentence. မှန်ကန်သော နာမဝိသေသနပုံစံကို ရွေးချယ်ပါ။

e.g. Mee Lay is (clever, cleverest) than her sister.

Mee Lay is cleverer than her sister.

1. Today is (hotter, hottest) than yesterday.
_____.
2. Your shoes are (dirtier, dirtiest) than his.
_____.
3. This is the (noisier, noisiest) place in town.
_____.
4. She is the (prettier, prettiest) of the three girls.
_____.
5. An elephant is (bigger, biggest) than a tiger.
_____.
6. My watch is the (best, better) of all.
_____.
7. Ko Ko is (taller, tallest) than Nyi Nyi.
_____.
8. Our neighbours are (richer, richest) than we.
_____.
9. He is the (brave, bravest) of all the soldiers.
_____.
10. This sum is the (more difficult, most difficult) of all.
_____.

Ans: *1. Today is hotter than yesterday. 2. Your shoes are dirtier than his. 3. This is the noisiest place in town. 4. She is the prettiest of the three girls. 5. An elephant is bigger than a tiger. 6. My watch is the best of all. 7. Ko Ko is taller than Nyi Nyi. 8. Our neighbours are richer than we. 9. He is the bravest of all the soldiers. 10. This sum is the most difficult of all.*

(B) Complete the sentences with superlative forms of adjectives given in brackets.

1. Who is the _____ person in your family?(tall)
2. My mum is the _____ cook in the world.(good)
3. December is the _____ month of the year in my country. (cold)
4. What's the _____ animal in the world? (dangerous)
5. Ko Min is the _____ boy that I know. (happy)
6. Where are the _____ beaches in your country? (nice)
7. She bought the _____ cake in the shop. (big)
8. U Kaung is the _____ tutor in our university.(experienced)
9. That was the _____ mistake.(stupid)
10. Zin Zin is the _____ pupil in the class.(difficult)

Ans: *1.tallest 2. best 3. coldest 4. most dangerous 5. happiest 6. nicest 7. biggest 8. most experienced 9. most stupid 10. most difficult*

(လာမည့်အပတ်တွင် Lesson 4: A nice blue cotton T-shirt အကြောင်း ဖော်ပြပါမည်)

Grade 8

Unit 5

Lesson 2: Basic of a computer

